ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့၊ (29-8-2008) (၅၇၈၅)

မာတာပိတု ဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၆/၂၀၀၈)ပြဋ္ဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ
အမှတ် ၆/၂၀၀၈)
၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

၁။ ဤဥပဒေကို တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၇၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၃၅က၊ ပုဒ်မခွဲ(၂)၏ ပထမ ခြွင်းချက်၊ အမိန့် ၃၈၊ နည်းဥပဒေ ၁၃၊ အမိန့် ၅၀ နှင့် အမိန့် ၅၃ တို့ကို ပယ်ဖျက်ရမည်။

၃။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော ဒဏ်ငွေပမာဏကို "five thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၈၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(က)တွင် ပါရှိသော ငွေပမာဏကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၆၀၊ ပုဒ်မခွဲ(၁)တွင်

(က) ပုဒ်မခွဲငယ်(ဇ)နှင့် ပုဒ်မခွဲငယ်(ဈ)တို့၌ ပါရှိသော ငွေပမာဏကို "ten thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲငယ်(ဈ)၌ ပါရှိသော "a railway administration or" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲငယ်(ည)ကို အောက်ပါအတိုင်း အစားထိုးရမည်-
"(j) the pay and allowances of persons to whom the Defence Services Act, 1959 applies."

(ဃ) ပုဒ်မခွဲငယ်(ဋ)ကို အောက်ပါအတိုင်း အစားထိုးရမည်-
"(k) all compulsory deposits;"

၆။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၈၆၊ ပုဒ်မခွဲ(၁)တွင်ပါရှိသော-

(က) "or any member of a British foreign military mission" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) "a Secretary to the Government" ဆိုသည့် စကားရပ်ကို "a Director General of the Office of the Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၅၊ ပုဒ်မခွဲ(၁)တွင် ပါရှိသော ဒဏ်ကြေးငွေ ပမာဏကို "one hundred thousand kyats," ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ ၏ ခြွင်းချက်နောက်တွင် အောက်ပါခြွင်းချက်ကို ဖြည့်စွက်ရမည်-
"Provided also that nothing in this proviso shall affect the power of Supreme Court in the exercise of its revisional jurisdiction"

စာမျက်နှာ ၈ ကော်လံ ၁ သို့

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မှန်တိုင်းဒဏ်ကြောင့် ရန်ကုန်မြစ်အတွင်း နစ်မြုပ်ကမ်းတင်နေသော ရေယာဉ်များ ဆယ်ယူပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦးနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုးတို့က ရေလမ်းကြောင်းရှင်းလင်းရေးနှင့် နစ်မြုပ်ရေယာဉ် ဆယ်ယူရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ယနေ့ ဆောင်းပါးအညွှန်း

ကမ္ဘာ့ကုလသမဂ္ဂတို့၊ အာဆီယံတို့လို နိုင်ငံတကာနဲ့ ဒေသတွင်း အဖွဲ့အစည်းတွေကိုယ်တိုင်ကလည်း ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို လက်ခံပြီးသား၊ သဘောတူပြီးသား၊ ရွေးကောက်ပွဲသစ်ကိုလည်း ၂၀၁၀ မှာ လုပ်တဲ့အခါ လွတ်လပ်မျှတစွာ ဆောင်ရွက်ဖို့ရာ တိုက်တွန်းလိုက်သေးတယ်ဆိုတော့၊ ရွေးကောက်ပွဲအသစ်လုပ်မှာကို လက်ခံပြီးတဲ့နောက်မှတော့ကွာ၊ အဟောင်းကရလဒ်ဆိုတာ ပြောနေဖို့လိုသေးလား။ ဒီလိုကမ္ဘာ့ရပ်မိရပ်ဖနဲ့ တူတဲ့ အဖွဲ့အစည်းတွေကလည်း လက်ခံသဘောတူပြီ၊ "ခင်ပြည်သူ" နဲ့ "မောင်အခြေခံဥပဒေသစ်"တို့ကလည်း မေတ္တာမျှနေကြပြီဆိုမှတော့ ဆင်စီးလို့ မြင်းရံတဲ့ဘဝမျိုးကို မျှော်မှန်းလို့ရပြီပေါ့။

မောင်ဒဲ့ဒိုး၏ "ဆင်စီး၍ မြင်းရံစေချင်သည်" (ဆောင်းပါး) စာမျက်နှာ-၆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ
The Mirror

၂၉-၈-၂၀၀၈
(သောကြာနေ့)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်

မျက်မှောက်ကမ္ဘာတွင် လူကုန်ကူးခံရသူ နှစ်စဉ်တစ်သန်းမှ နှစ်သန်းခန့်အထိရှိပြီး ကမ္ဘာတစ်ဝန်း၌ လူကုန်ကူး ခံရသူပေါင်း သန်း ၃၀ ခန့်ရှိကြောင်း သိရသည်။ အဆိုပါ ပြဿနာကို ထိန်းချုပ်တားဆီးနိုင်ရန် နိုင်ငံအသီးသီးက အလေးထားဆောင်ရွက်နေကြသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဖော်ဆောင်လျက်ရှိသည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ၌ အာရှဒေသအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးစီမံကိန်း နားလည်မှုစာချွန်လွှာကို မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့နှင့်အတူ ဩစတြေးလျတို့ လက်မှတ်ရေးထိုးပြီး ထိရောက်စွာ ဆောင်ရွက်လျက်ရှိသည်။

၂၀၀၅ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းပြီး ပြစ်မှုကျူးလွန်သူများအား ပြင်းထန်ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်အရေးယူလျက်ရှိရာ လူမှောင်ခိုမှုများအား တားဆီးဟန့်တားနိုင်လျက်ရှိသည်။ တစ်ဖက်မှလည်း လူပွဲစားများ၏ ဖြားယောင်းသွေးဆောင်ခံကြရသူများအား အချိန်မီကယ်တင်ပြီး မိဘအုပ်ထိန်းသူများထံ ပို့ဆောင်အပ်နှံလျက်ရှိသည့်အပြင် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြည်နယ်၊ တိုင်းမြို့နယ်အလိုက် စီမံချက် ချမှတ်ဖော်ဆောင်လျက်ရှိသည်။

အခွင့်ကောင်းယူ အမြတ်ထုတ်လိုသော ဝိသမလောဘသမားအချို့က တစ်ဖက်နိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများတွင် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိနိုင်ကြောင်း မက်လုံးပေး ဖြားယောင်းကာ လူကုန်ကူးမှု လုပ်ဆောင်နေကြောင်း တွေ့ရသည်။ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများသို့ သွားလာရန် လွယ်ကူသည့် လမ်းကြောင်းများ၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အလေးပေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကိုပြဋ္ဌာန်းပြီး ပြစ်မှုကျူးလွန်သူတို့အား ဥပဒေနှင့်အညီ ပြင်းထန်ထိရောက်သော ပြစ်ဒဏ်များ ချမှတ်၍ တားဆီးတိုက်ဖျက်နေသည်။ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့အစည်းများနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့အပြင် ရုရှား၊ ဗီယက်နမ်တို့နှင့်လည်း ပူးပေါင်း၍ လူကုန်ကူးမှု ပြဿနာကို တိုက်ဖျက်လျက်ရှိသည်။ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၏ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ကြိုးပမ်းမှုများဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ ။

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား ဧည့်သည်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား Mitsubishi Corporation မှ Division Coo Ship, Aerospace & Transportation Systems Division မှ Senior Vice President, Mr. Osamu Komiya နှင့် အဖွဲ့သည် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား Mitsubishi Corporation မှ Division Coo Ship, Aerospace & Transportation Systems Division မှ Senior Vice President, Mr. Osamu Komiya နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကျောင်းပြင်ပမူလတန်းပညာရေး နည်းပြ/ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၈

ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) နည်းပြ/ဆင့်ပွားသင်တန်း ဖွင့်ပွဲကို ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီက ပဲခူးမြို့ အမှတ်(၁) အထက သီရိပညာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် မြန်မာနိုင်ငံ လူတိုင်းအတွက် ပညာရေး ညှိနှိုင်းရေးမှူး ဦးတင်ညိုတို့ တက်ရောက် အမှာစကား ပြောကြားကြသည်။ သင်တန်းဖွင့်ပွဲသို့ တိုင်း၊ ခရိုင်၊မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းအရှေ့ (၁၄)မြို့နယ်မှ ပညာရေးမှူးများ၊ ထက်/လယ်/မူ ကျောင်းအုပ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ မှ တာဝန်ရှိသူများ တက်ရောက်ကြ သည်။

သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၂၄ ရက်မှ ၂၇ ရက် အထိ ဖြစ်သည်။

(၄၀၃)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်မှု မြို့နယ်အချို့၌ တစ်ပြိုင်တည်း ကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် (င/က) ရပ်ကွက် ဇာဝေယာလမ်း၌ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာကျန်းမာရေးဌာနနှင့် မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးတို့မှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ် တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး အားပေးကြသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးစုပေါင်းဆောင်ရွက်မှုကို ပုဇွန်တောင်၊ ဒဂုံ၊ လမ်းမတော်နှင့် လှိုင်မြို့နယ်တို့၌ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် တစ်ပြိုင်တည်း ကျင်းပကြောင်း သိရသည်။ (သတင်းစဉ်)

ဓာတ်အားစနစ်မောင်းနှင်ရေးနှင့် ဓာတ်အားစနစ်ကာကွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး လေ့လာမှုအစီအစဉ် Final Report စာအုပ်များ ပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Korea Electric Power Corporation (KEPCO) တို့ ပူးပေါင်း၍ ဓာတ်အားစနစ်မောင်းနှင်ရေးနှင့် ဓာတ်အားစနစ်ကာကွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး လေ့လာမှုအစီအစဉ် Final Report စာအုပ်များ ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက်တွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) ဌာနေကိုယ်စားလှယ် Mr. Kwang Geol CHO က Final Report စာအုပ်များကို လွှဲပြောင်းပေးအပ်ရာ လျှပ်စစ်စွမ်းအား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက လက်ခံသည်။

အကောင်အထည်ဖော်

အဆိုပါ လေ့လာမှု အစီအစဉ်ကို ၂၀၀၆ ခုနှစ် ဧပြီလမှ ၂၀၀၈ ခုနှစ် မတ်လအထိ ၂၄ လ သတ်မှတ်ပြီး ကိုရီးယားသမ္မတနိုင်ငံ အစိုးရက အမေရိကန်ဒေါ်လာ ၁ဒသမ၄သန်း ကူညီမှုဖြင့် ကိုရီးယားသမ္မတနိုင်ငံ (KEPCO) ကုမ္ပဏီက အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ သာစည်၊ တောင်တွင်းကြီး၊ နေပြည်တော်ပျဉ်းမနား၊ တောင်ငူ၊ လှော်ကား၊ ကမာနတ် စသည့် ခွဲရုံကြီးများ၌ Power System Operation Power Project Protection များအတွက် လေ့လာစိစစ်မှု ပြုလုပ်ပြီး Final Workshop ကို ၂၀၀၈ ခုနှစ် ဇွန် ၁၈ ရက်တွင် နေပြည်တော်၌ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဩဂုတ် ၂၄ ရက်က မရမ်းကုန်းမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ဦးနှင့် ဝန်ထမ်းများ (၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ရပ်ကွက်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းပေး အပ်စဉ်။

(လူဝင်မှုကြီးကြပ်ရေး)

ဆုချီးမြှင့်

ပန်းဘဲတန်းမြို့နယ် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၃ ရက်က ကျင်းပရာ Grade 4-B မှ ပထမရရှိသူ မဝင့်ရည်မျိုးအား ကျောင်းအုပ်ဆရာကြီး ဦးစိုးတင့် ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

၂၀၀၈ ခုနှစ် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း အမျိုးသား၊ အမျိုးသမီး (သထုံ) ပထမဆုရအသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ (၃၀၇)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ဝန်ကြီးဒေါက်တာကျော်မြင့်အား ပြည်ပညွှ်အဖွဲ့များ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၈

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်အား ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူး Ms. Sue Wardell နှင့်အဖွဲ့သည် ဩဂုတ် ၂၆ ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ အဓိက ရောဂါကြီး သုံးမျိုးဖြစ်သည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ အောင်မြင်နေသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် မုန်တိုင်းသင့်ဒေသများ၌ ဗြိတိန်နိုင်ငံမှ ကျန်းမာရေးဆိုင်ရာ ကူညီထောက်ပံ့မှု လုပ်ငန်းများနှင့် နှစ်နိုင်ငံ ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စများကို ဆွေးနွေးကြသည်။

အလားတူ ဝန်ကြီး ဒေါက်တာ ကျော်မြင့်အား ဗန်ကောက်အခြေစိုက် ဥရောပယူနီယံ သံအမတ်ကြီး H.E Mr. Friedrich HAMBURGER နှင့် အဖွဲ့သည် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မုန်တိုင်းဒဏ်ခံရသော ဒေသများအတွက် လူသားချင်းဆိုင်ရာ ကူညီထောက်ပံ့မှုလုပ်ငန်းများ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါစသည့် အဓိကရောဂါကြီးသုံးမျိုး ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံကြရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်အား ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး Ms. Sue Wardell နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၀၈ (သောကြာနေ့)

၁၃၇၀ပြည့်နှစ်၊ဝါခေါင်လပြည့်ကျော်(၁၃)ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၇း၅၅ ၅။ အကပြိုင်ပွဲ
၈း၀၅ ၆။ တေးဂီတအစီအစဉ်
၈း၁၅ ၇။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊အမျိုးသမီး)
၈း၃၀ ၈။ International News.
၈း၄၅ ၉။ အတီးပြိုင်ပွဲ
၈း၅၀ ၁၀။ ကြေးမုံရိပ်သွင်တေးနှယဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၅ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက-၄၊ တာမွေ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၅း၀၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၅။ "မနီပြီးနိုင်ပြီ"
၅း၂၀ ၆။ နှောင်းခေတ်တေးပဒေသာ
၅း၃၀ ၇။ ၂၀၀၈ ခုနှစ် ပေကျင်း အိုလံပစ်ပြိုင်ပွဲ
၅း၄၅ ၈။ **၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား၊အမျိုးသမီး)**
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၄)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၂၄)**
၁၇။ အစီအစဉ်ပြီး၏။

စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်ပြပွဲနှင့် စာဖတ်သူတိုးပွားရေး ဟောပြောပွဲကျင်းပ

တောင်တွင်းကြီး ဩဂုတ် ၂၈

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အထက(၁)ကျောင်းတို့ ပူးပေါင်း၍ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်ပြပွဲနှင့် စာဖတ်သူ တိုးပွားရေးဟောပြောပွဲကို ဩဂုတ် ၂၂ ရက်က တောင်တွင်းကြီးမြို့ အထက(၁) ပေလေးပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်/ဆက် ဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဒေါ်သင်းသပြေခင်နှင့် မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးလှရှိန်တို့က စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်ပြပွဲနှင့် စာဖတ်သူတိုးပွားရေး ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေး၍ ကျောင်းသား၊ ကျောင်းသူ ၃၀၀ကျော်တို့အား "ရည်မှန်းချက်ရှိရ မည်" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် စာအုပ်များအား စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြည့်ရှုခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

(၈၄)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၈

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ အလုပ်သမားမှူး ဦးမြင့်စိုး(အငြိမ်းစား) လူမှုထူးချွန် (ပထမဆင့်) **(အပေါ်ပုံ)** သည် ဩဂုတ် ၂၃ ရက်တွင် ဘုရင့်နောင်ဈေးကြီး (၈)ကြိမ်မြောက် သွေးလှူဒါန်းပွဲ၌ (၈၄)ကြိမ်မြောက် သွေးလှူဒါန်းကြောင်းသိရသည်။ (ကြေးမုံ)

နိုင်ငံတော်အစိုးရ ဌာနပိုင်မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ ခုနှစ် ဩဂုတ်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၃၁-၈-၂၀၀၈)ရက်နေ့
၂၀၀၈ ခုနှစ် စက်တင်ဘာလအတွက်
(၁၄-၉-၂၀၀၈)ရက်နေ့ နှင့်
(၂၈-၉-၂၀၀၈)ရက်နေ့

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ရမည်းသင်းမြို့နယ်တွင် သစ်ဆုံဆည်ရေဖြင့် မိုးစပါး စိုက်ပျိုးနေမှုများနှင့် စိုက်ပျိုးပြီး စပါးခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ရမည်းသင်းမြို့နယ်ရှိ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၃ ရက်တွင် ရမည်းသင်းမြို့နယ်၌ သစ်ဆုံဆည်ရေဖြင့် မိုးစပါး စိုက်ပျိုးနေမှုများနှင့် စိုက်ပျိုးပြီးစပါးခင်းများကို ကြည့်ရှုစစ်ဆေးပြီး ရမည်းသင်းမြို့ အရှေ့ဘက်ရှိ ကျိုးနီကန်ရေရရှိမှု၊ ကန်ပေါင်များ ပြုပြင်ထားမှု၊ ရေပိုလွှဲအဆောက်အအုံနှင့် ရေပေးမြောင်းများ ကန်ရေဖြင့် မိုးစပါး စိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ဆည်ရေသောက်ဒေသရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ဓာတ်မြေသြဇာ လေလွင့်ဆုံးရှုံးမှုမရှိဘဲ ထိရောက်အောင် အသုံးပြုသည့် နည်းလမ်းများ အသုံးချရေး၊ တီကောင်မွေးကန်များဖြင့် တီကျစ်စာ မြေသြဇာ မွေးမြူထုတ်လုပ်အသုံးပြုရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် ရမည်းသင်းမြို့၏ တောင်ဘက် အောင်ချမ်းသာ ကျေးရွာအနီးရှိ မယ်အောင်ကန် ကန်ပေါင်မြှင့်တင်၍ ပြုပြင်ပြီးစီးမှုနှင့် ရေရရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တူးမြောင်းစနစ်

မယ်အောင်ကန်သည် ကန်ပေါင်အလျားပေ ၂၈၀၀၊ အမြင့် ၁၅ ပေ၊ အကျယ် ၁၂ ပေရှိသည်။ ယခင်က ဧက ၇၀ ကို ရေပေးနိုင်ခဲ့ရာမှ ကန်ပေါင် မြှင့်တင်ခဲ့သဖြင့် ယခုအခါ ၁၂၅ ဧကကို တူးမြောင်းစနစ်ဖြင့် ရေပေးကာ မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်အခြေခံပညာမူလတန်းကျောင်း (ဂျမား)၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲတွင် တိုးချဲ့ကျောင်းဆောင်အတွက် ဦးမျိုးမင်းသန်း-ဒေါ်အေးအေးခင် မိသားစုက အလှူငွေကျပ် ၁၈၀၀၀၀ ကို မြို့နယ်ပညာရေးမှူး ဦးအာရ်မြလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မိတ္ထီလာဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ကျောင်းအုပ်ကြီးဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

မိတ္ထီလာ ဩဂုတ် ၂၈

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မိတ္ထီလာ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ကျောင်းအုပ်ကြီးဖလား မိုးရာသီ တံခွန်စိုက် ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၈ ရက်မှ စတင်ကျင်းပခဲ့ရာ ဩဂုတ် ၁၉ ရက်က နောက်ဆုံးဗိုလ်လုပွဲအဖြစ် ကျောင်းအားကစားကွင်း၌ ဘူတာစာရေး လက်မှတ်သိမ်း သင်တန်းအသင်းနှင့် စီမံဝန်ထမ်း ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ပွဲအပြီးတွင် ဘူတာစာရေးလက်မှတ်သိမ်း သင်တန်းအသင်းက စီမံဝန်ထမ်းဘောလုံးအသင်းကိုငါးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိ ဗိုလ်စွဲသွားသည်။ ပြိုင်ပွဲတွင် အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အနိုင်ရဗိုလ်စွဲသွားသော ဘူတာစာရေးလက်မှတ်သိမ်းသင်တန်းဘောလုံးအသင်းအား ပထမဆုဖလားနှင့် ဆုငွေ ကျပ်ငါးသောင်းကို ကျောင်းအုပ်ကြီး ဦးကျော်စိုးကလည်းကောင်း၊ ဒုတိယရရှိသော စီမံဝန်ထမ်းဘောလုံးအသင်းအား ဆုငွေကျပ်သုံးသောင်းကိုဒုတိယကျောင်းအုပ်ကြီး ဦးအုန်းလွင်က လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)** (၁၁၁)



အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၈

အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အထက-ညောင်ရွှေ၊ အထက(ခွဲ)ညောင်ရွှေ၊ အလက(၂)၊ အမက(၃)၊ အထက-မိုင်းသောက်၊ အမက-ပေပင်၊ အမက-မိုင်းသောက်၊ အလက-နန်းပန်၊ အထက-အင်ပေါခုံ၊ အမက-ပေါက်ပါး၊ အမက-ကြာတော၊ အထက(ခွဲ)သာလေး၊ အထက-ဟဲယာရွာမ၊ အထက- ကြေးစားကုန်းတို့နှင့် ကလောမြို့နယ်ရှိအထက-ဟဲဟိုးတို့ကို ရောက်ရှိပြီး စာပေသင်ကြားမှု၊ လက်တွေ့ခန်းများအသုံးပြု သင်ကြားနေမှု၊ မာလ်တီမီဒီယာစာသင်ခန်းများ၊ Language Lab များ အသုံးပြုမှု၊ ကျောင်း အဆောက်အအုံများနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

တွေ့ဆုံ

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ညောင်ရွှေရှိ ခန်းမ၌ ညောင်ရွှေမြို့ပေါ်ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၈

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကို ဩဂုတ် ၂၆ ရက်က စောရန်ပိုင်တောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်မမနှင့်အဖွဲ့သည် မြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စနစ်တကျရှိရေးအတွက် ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပျော်ရွှင်ပါစေ (အပိုင်း-၅၈) ဇာတ်သိမ်း**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ **လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -ဝါဆိုစဉ်အရပ်ဒေသများ**
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်ခြင်းရဲ့နောက်ကွယ် (အပိုင်း -၁၈)**
- ၂၄။ သင့်အတွက် မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) သံဃာတော်များအား တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၈

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်ဝန်ထမ်း မိသားစုများ၏ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)ရှိ သံဃာတော် ၃၁၈ ပါးတို့အား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၅ရက် နံနက် ၁၀နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မိုးကုတ် ဆွမ်းစားဆောင်၌ ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် တစ်နေ့တာဆွမ်း အလှူတော်ငွေကျပ် ၅၀၀၀၀၀ကို ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်းသတင်း ရရှိသည်။

(သတင်းစဉ်)

❁ ဘင်္ဂလားဒေ့ရှ်မှ

ဩဂုတ်၂၅ရက်က ဗိုက်ခွဲ၍ မွေးခဲ့ရသော အဆိုပါကလေးသည် ၅ဒသမ၅ကီလိုဂရမ် အလေးချိန်ရှိပြီး ကီရွန်ဟု အမည်ပေးထားသည်။ ကလေး၏မိခင်မှာ အသက်၂၂နှစ်သာ ရှိသေးသည်။ ၎င်းကိုမွေးဖွားရာ ဆေးခန်းမှ အနီးရှိဂျက်ဆိုရီမြို့ဆေးရုံသို့ ရွှေ့ပြောင်းပေးခဲ့သည်။

ကီရွန်ကို ကြည့်ချင်မြင်ချင်သည့် တစ်သိန်းခွဲခန့်ရှိ လူအုပ်ကြီးစုဝေးရောက်ရှိနေသဖြင့် ကလေးနှင့် ၎င်း၏မိခင်တို့ကိုအန္တရာယ်ကျရောက်မည်စိုးရိမ်သဖြင့် ဆေးရုံမှတာဝန်ရှိသူများက ရဲတပ်ဖွဲ့အစောင့်အရှောက် စီစဉ်ပေးထားရသည်ဟု သားဖွားနှင့် မီးယပ်ရောဂါ ပါရဂူဒေါက်တာမိုဟာမက်အဒူလ်ဘာရီက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

" ကီရွန်မှာ ဝမ်းဗိုက်တစ်ခုတည်းပဲ ပါပါတယ်၊ပါးစပ်နှစ်ပေါက်နဲ့ သာမန်ကလေးတွေလိုပဲ နို့စို့ပါတယ်၊အင်္ဂါဇာတ်ကလည်း တစ်ခုတည်းပါပြီးတော့ ကိုယ်ခန္ဓာခြေလက်အင်္ဂါအစုံလည်းပါပါတယ်" ဟု ဆရာဝန်ကြီးက ပြောသည်။

" ဒီကလေးဟာ သန္ဓေသားတစ်ခုတည်းကမွေးဖွားလာတာပါ၊ ဒါပေမယ့် ဖြစ်ရိုးဖြစ်စဉ်ကြီးထွားလာတာ မဟုတ်ဘူးပေါ့ဗျာ"ဟု ဆရာဝန်ကြီးက ထပ်မံရှင်းပြသည်။

စေတနာရှင်များက ထိုကလေး မိသားစုအတွက် ငွေကြေးများလှူဒါန်းကြကြောင်း ဆာမာကာလ် သတင်းစာကဖော်ပြသည်။

အင်တာနက်။

● အိန္ဒိယမှ

အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းသည် ရေလွှမ်းမိုးရာ ကိုစီမြစ်ရိုးတစ်လျှောက် ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး "နိုင်ငံတော် ကံဆိုးမိုးမှောင်ကျမှု"ဟု ဆိုခဲ့သည်။ ရေဘေးဒုက္ခသည်များအတွက် ရူပီးငွေ ၁၀ ဘီလီယံ (အမေရိကန် ဒေါ်လာ ၂၃၄ သန်း)နှင့် စားသောက်ကုန် တန်ချိန် ၁၂၅၀၀၀ အကူအညီပေးရန် ချက်ချင်း ကြေညာခဲ့သည်။

ပြည်နယ်များမှ တာဝန်ရှိသူများ ပြောပြချက်အရ ခရိုင်လေးခုတွင် လူဦးရေ ၁ဒသမ ၁သန်းသည် ရေဝိုင်းခံနေရပြီး အများစုသည် စားစရာမရှိ၊ သောက်စရာရေမရှိနှင့် နေရသည်မှာ ရက်အတန်ကြာပြီဟု သိရသည်။

ရေလွှမ်းရာဒေသတို့တွင် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ကုန်ပြီး ရေနှင့်လျှပ်စစ်ဓာတ်အား ထောက်ပံ့ရေးများမှာလည်း ရပ်ဆိုင်းကုန်ပြီဖြစ်သည်။ ရထားလမ်းများ ရေအောက်တွင်မြုပ်နေသောကြောင့် ရထားများလည်း ရပ်ထားရသည်။

အိန္ဒိယ၏အဓိကမြစ်များဖြစ်သော ဂင်္ဂါမြစ်၊ ဂါဂဒါ၊ ဘာဟီနှင့်ဂန်ဒဒ်မြစ်တို့သည်လည်း စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိနေပြီဖြစ်သည်။

အိန္ဒိယကြည်းတပ်မှ တပ်ဖွဲ့ဝင်များသည် အိန္ဒိယအရှေ့ပိုင်းမှ ရေဘေးဒုက္ခသည်လူဦးရေ ၁၂၀၀၀၀ ကျော်ကို ကယ်တင်နိုင်ခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုရေကြီးမှုသည် နှစ်ပေါင်း ၅၀ အတွင်းမှာ အဆိုးရွားဆုံးဟုဆိုသည်။ ကိုစီမြစ်သည် ယင်းမြစ်ဖျားခံရာ နီပေါနိုင်ငံတွင် ရေကာတာတစ်ခုကို ကျိုးပေါက်စေပြီးနောက် ရေလွှမ်းမိုးမှု ဖြစ်လာခြင်းဖြစ်သည်ဟုဆိုသည်။

ရေကြီးခြင်းကြောင့် လူဦးရေနှစ်သန်းခန့်သည် မိမိတို့အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရပြီး အိမ်ခြေနှစ်သိန်းခွဲခန့်သည်လည်း ပျက်စီးဆုံးရှုံးသွားခဲ့ပြီဖြစ်သည်။ ဂျုံ၊ စပါးနှင့် ဟင်းသီးဟင်းရွက်စိုက်ဧက ၂၄၇၀၀၀လည်း ပျက်စီးဆုံးရှုံးရပြီ ဖြစ်သည်။ ဘီဟာပြည်နယ်တွင် တရားဝင်ကြေညာချက်အရ သေဆုံးသူ ၅၅ဦးရှိပြီဖြစ်ကြောင်းသိရသည်။ ဒေသဆိုင်ရာ သတင်းဌာနများက အမှန်တကယ် သေဆုံးသူများမှာ ထိုအရေအတွက်ထက် အဆပေါင်းများစွာ ရှိသည်ဟု ဖော်ပြကြသည်။

အင်တာနက်။

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

လှူဒါန်း

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သံဃာတော် ၃၁၈ ပါးတို့အား တစ်နေ့တာ ဆွမ်းအလှူတော် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစိုးမြင့်အား အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူးဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့်အဖွဲ့ဝင်များ လှိုင်မြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ ပြည်လမ်းသွယ်ရှိ အမှတ်(၁၀) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျောင်းသား၊ ကျောင်းသူလေးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (မြို့တော်စည်ပင်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျောင်းကျန်းမာရေးနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး၊ ပြန်ကြားရေးရာဌာနကြီးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းကျန်းမာရေးနှင့် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက လှိုင်မြို့နယ်(၁၁)ရပ်ကွက် ပြည်လမ်းသွယ်ရှိ အမှတ်(၁၀)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ဒေသစည်းရုံးရေးမှူးများ၊ အဖွဲ့ခွဲခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများတက်ရောက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကလေးအထူးကုဆရာဝန် ဒေါက်တာဒေါ်ခင်မာအေးနှင့်မျက်စိအထူးကုဆရာဝန်ဒေါက်တာဒေါ်နီလာသိန်းတို့က ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် အခမဲ့စမ်းသပ်ကုသပေးကြသည်။

ထို့နောက် စီမံရေးရာဌာနကြီးမှူးဒေါက်တာဒေါ်ခင်ဆန်းနွယ်ခေါင်းဆောင်သည့် အဖွဲ့ဝင်များက ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်းစာသင်ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး တစ်ကိုယ်ရည်ကျန်းမာရေးနှင့်ယဉ်ကျေးလိမ္မာ အသိပညာပေးစကားပြောကြားကြသည်။

ယင်းနောက် ကျောင်းခန်းမ၌ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှ အငြိမ်းစားပါမောက္ခဆရာမကြီး ဒေါ်မြမြဝင်းက ယဉ်ကျေးလိမ္မာ မျိုးမြန်မာခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျန်းမာရေး လုပ်ငန်း အဖွဲ့ခွဲမှ ဒေါက်တာဒေါ်ခင်သက်မြိုင်က ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအသိပညာပေး ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေး ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှ လှူဒါန်းသည့် စာအုပ်ဒါဇင် ၅၀နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသည့် အမှိုက်ပုံး ၁၀လုံးနှင့် အမှိုက်အိတ် ၁၅၀ တို့ကို စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါခင်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ အဋ္ဌမအကြိမ် ပါရဂူဘွဲ့ရသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၂၇ရက် နံနက် ၁၁နာရီက ရန်ကုန်တက္ကသိုလ် တောင်ငူဆောင် မြန်မာစာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊မြန်မာစာပါရဂူသင်တန်းပို့ချပေးသော ဆရာကြီး၊ ဆရာမကြီးများနှင့် မြန်မာစာဌာနမှ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာခင်ဆန်းဦးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ဝါရင့် ပါရဂူဘွဲ့ရရှိသူ ဒေါက်တာခင်ဆွေမြင့်အား မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဆရာကြီး ဦးမြင့်ကြည်က ဂုဏ်ပြုလက်ဆောင် ချီးမြှင့်သည်။ **(ဝဲပုံ)**

၂၀၀၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ပါရဂူဘွဲ့ရရှိသူဝါရင့် ဆရာ၊ ဆရာမကြီးခြောက်ဦးအပါအဝင် ပါရဂူဘွဲ့ရရှိသူပေါင်း ၃၄ဦးရှိကြောင်း၊ ၎င်းတို့အနက်မှ မြန်မာစာပါမောက္ခ(ငြိမ်း) တစ်ဦးနှင့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမ ၁၂ဦးတို့အား ဂုဏ်ပြုခြင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ဆင်စီး၍ မြင်းရံ စေချင်သည်

မောင်ဒွဲ့ဒိုး

ဘကြီးဖြိုး။ လူတွေဟာ မသိလို့ကြိုက်၊ အကြိုက်လွန်ပြီး စွဲလမ်းမိသွားပြန်တော့ အမှန်ကို မမြင်နိုင်တော့ဘဲ ဒါမှဒါလို့ မစွန့်လွှတ်နိုင်အောင်ဖြစ်ကြနဲ့၊ အမှန်မသိမှု 'အဝိဇ္ဇာ' နဲ့ တပ်မက်စွဲလမ်းမှု 'တဏှာ' ဆိုတဲ့ သံသရာဝဋ်မြစ်နှစ်ပါးဟာ အတူတကွ အပြန်အလှန် ကျေးဇူးပြုနေကြတာ တယ်ပြီးတရားကျစရာကောင်းပါလား မောင်ဒွဲ့ဒိုးရ။

မောင်ဒွဲ့ဒိုး။ ဘကြီးဖြိုးက ဝါတွင်း ဆယ်ရက်တရားစခန်းဝင်လာလို့နဲ့တူတယ်၊ တရားစကားတွေ တွင်တွင်ပြောပြီး တောထွက်တော့မလို့လား ဘကြီးရဲ့။

ဖြိုး။ အဲဒီလောက်အထိ ပါရမီမရင့်ကျက်သေးပါဘူး မောင်ရင်လေးရာ။ ဒါပေမယ့် သံဝေဂတရားရတယ်ဆိုတာ တရားကို လက်တွေ့ဘဝမှာ ထင်ဟပ်ပြီး ကြည့်တတ်မှရတာမျိုးလေ။ အခုလည်း အစွဲကြီးလွန်းတော့ အနိစ္စကို နိစ္စထင်ပြီး အမြင်လွဲတော့ အသိလွဲ၊အသိလွဲတော့ အလုပ်လွဲနေကြတဲ့ သူတို့ကို တွေ့နေရတာ တရားကျပြီး သံဝေဂပွားမိတာပါကွာ။

ဒိုး။ ကျွန်တော်တို့က ဘကြီးဖြိုးလောက် ဉာဏ်မပြေးတော့ တည့်တည့်သာပြောလိုက်ပါတော့ ဘကြီးရယ်။

ဖြိုး။ ပြောရရင်တော့လည်း အားနာစရာကြီးပါကွာ။ ပညာရှိသတိဖြစ်ခဲဆိုတာလို ထင်ပါရဲ့။ သက်ကြီးဝါကြီး ၉၀ ပြည့်နှစ် ရွေးကောက်ခံကိုယ်စားလှယ် ပုဂ္ဂိုလ်ကြီးတချို့ ပြောနေဆိုနေသံကြားရတာ ယူတတ်ရင် တရားရစရာကောင်းလို့ပါ။ စဉ်ဆက်မပြတ်၊ မရပ်မနား ဖောက်ပြန်ပြောင်းလဲနေတဲ့၊ ကြောင်းကျိုးဆက် ဖြစ်ပျက်ပြုပြင် 'သသင်္ခတ' လောကကြီးထဲမှာ၊ ဘာမှမမြဲကြတဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေဟာ မတည်မြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရ အတ္တမဟုတ်ခြင်းဆိုတဲ့ သဘောလက္ခဏာတွေသာ ရှိကြတယ်ဆိုတာ သိနိုင်လောက်အောင် သုတမယ ပညာရှိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပေမယ့် ဒီတရားသဘောကို လက်တွေ့ဘဝမှာ ထင်ဟပ်ပြီး မဆင်ခြင်နိုင်ကြရှာတာ တွေးမိလို့ပါ။ **၁၉၉၀ ပြည့်နှစ်ကနေ ရေတွက်ကြည့်ရင် ၁၈ နှစ်ကျော် ကြာခဲ့ပြီဖြစ်တဲ့ ဒီကနေ့မှာ သေချာဆန်းစစ်ကြည့်ရင် ကိုယ် ကိုယ်တိုင်ရဲ့ အခြေအနေ၊ ကိုယ့်အဖွဲ့ အစည်းရဲ့အခြေအနေ၊ ကိုယ့်နိုင်ငံရဲ့အခြေအနေ၊ ကိုယ့်ပြည်သူလူထုရဲ့ အခြေအနေဟာ လွန်ခဲ့တဲ့ ၁၈ နှစ်ကအခြေအနေတွေနဲ့ လားလားမှ မတူတော့ဘဲ အဟောင်းအဟောင်းတွေ ပြိုပျက်သွား တဲ့နေရာမှာ အသစ်အသစ်တွေ အစားထိုးဝင်ရောက် လာတဲ့ အနေအထားအသစ်ဖြစ်နေပြီဆိုတာ အသိ သာကြီးပါကွာ။ ဒါပေမယ့် အသိခေါက်ခက်အဝင်နက် ပြီး ကာလယန္တရားကို ဘရိတ်အုပ်၊ ၉၀ရလဒ်ကိုပဲ အသေဆုပ်ကိုင်ပြီး မဖြစ်နိုင်မှန်း သိရက်နဲ့ ကျွန်ုပ်တို့သာ ကမ္ဘာဆုံးတိုင် ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တယ်လို့ ခတ်ပြားဟောင်းကို မနားတမ်းဖွင့်နေလေ တော့ ပြောရတာ တယ်ခက်သကိုးကွ။**

သူတို့ဟာက ဥပမာပေးရရင်၊ အားလုံးသိတဲ့ ဆင်သေကောင်ပုပ်ပေါ်မှာ စားရင်းနားရင်း မြစ်ထဲမှာမျောသွားတဲ့ ကျီးငှက်လိုပေ့ါကွာ။ ဒီဆင်သေကြီးဟာ ထာဝရတည်တံ့နေမယ့် ခိုကိုးစရာ၊ အာဟာရကို အမြဲထောက်ပံ့နိုင်မယ့် မှီတွယ်စရာကြီးလို့ထင်နေရှာတော့ ပင်လယ်ဝကနေ သမုဒ္ဒရာထဲအထိ ကမ်းမမြင်လမ်းမမြင် မျောတော့မယ်ဆိုတာ မသိရှာဘဲ လက်တွေ့ဘဝနဲ့ ကင်းကွာပြီးရင်း ကင်းကွာသွားတဲ့အခါ နောက်ဆုံးတော့ အထီးကျန်အဖြစ်နဲ့ ဒုက္ခရောက်ရတော့တာမဟုတ်လား။

အခုလည်း အခြေခံဥပဒေသစ်ကို လူထုက ရာနှုန်းပြည့်နီးပါး အများစုဆန္ဒမဲနဲ့ အတည်ပြုခဲ့ပြီးလို့ နောက်မကြာခင် တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ နောက်ထပ်ရွေးကောက်ပွဲအသစ်တောင်မှ ကျင်းပတော့မယ်၊ ဒီနေ့အထိ ၉၀ရလဒ်ဆင်သေကောင်ပုပ်ကြီးကို မစွန့်နိုင်သေးဘူး ဆိုရင်တော့၊ " ကြည့်လုပ်ကြပါဆရာတို့၊ ဆင်သေကောင် ကြီးကတော့ ပင်လယ်ဝရောက်နေပြီ" လို့ လက်တို့ပြီး သတိပေးချင်တာပါပဲကွာ။

ဒိုး။ ဘကြီးက ဆင်သေကောင်ကိုဥပမာပေးတော့၊ ကျွန်တော်ကလည်း နောက်ထပ်ဆင်သေဥပမာ တစ်ခုကို သတိရမိတယ်။ ဆင်သေကောင်ကိုစားဖို့ကြိုးစားတဲ့ မြေခွေးပုံပြင်ကို ဘကြီးဖြိုးလည်း သိတယ်မဟုတ်လား။ ဆင်သားရေကမာလွန်းလို့ ကိုက်ဖဲ့မရတော့ အသားနုရှိတဲ့စအိုကနေ ဝင်ဖောက်စားရင်း ဆင်ဗိုက်ထဲကိုရောက်သွားတဲ့ မြေခွေးလေ။ နေပူလွန်းလို့စအိုကရှုံ့ပြီးခြောက်သွားတော့ ထွက်လမ်းမရှိဘဲ ဒုက္ခရောက်ခဲ့ရတဲ့ ဇာတ်ပေ့ါ။ အဲဒီလိုပဲ ပြည်တွင်းမှာ ဟိုအရေးအခင်း၊ ဒီအရေးအခင်းတွေပေါ်တိုင်း ဝေလေလေ လုပ်ခဲ့ကြပြီး ပြည်ပကိုလစ်ပြေးသွားခဲ့ကြတဲ့ 'ဝေလေလေ' အုပ်စုတွေလည်း ဒီမြေခွေးရဲ့အဖြစ်နဲ့ တော်တော်တူတယ်လို့ ကျွန်တော်ထင်မိတယ်။ ပြည်တော် မပြန်နိုင်တဲ့သူတို့ဘဝက အဲဒီလို ဝေလေလေအုပ်စုထဲကို ဝင်သွားမိရင် ပြန်ထွက်ဖို့ မလွယ်တော့တဲ့ အနေအထားလေ။ ပြီးတော့လည်း ဆင်သေကောင်ထဲမှာအနေကျပ် အထိုင်ကျပ်နဲ့ နံစော်ပုပ်ဟောင်နေတဲ့ ဝမ်းတွင်းသားတွေ ကိုစားပြီး အသက်ဆက်ခဲ့ရတဲ့ မြေခွေးလိုပဲ၊ ဝေလေလေ ပြည်ပြေးဘဝနဲ့ တစ်ဝမ်းတစ်ခါးမျှတအောင် ကိုယ့်တိုင်းပြည် ကိုယ်ရောင်းစား၊ မုသာဝါဒတွေတစ်လှေကြီးနဲ့ လံကြုတ် သတင်းတွေဖန်တီးပြီး ငွေရှာလိုရှာ၊ မြန်မာအချင်းချင်း နောက်ရောက်လာတဲ့ ရိုးရိုးသားသားလူငယ်ကလေးတွေကို ဖျံကျလိမ်ညာပြီး ငွေတွေရိတ်လိုရိတ်၊ နောက်ဆုံးမှာ အသက်ဘေးကိုပါ ရန်ပြုလာတဲ့အဆင့်အထိ ဗရုတ်သုက္ခ ဖြစ်ချင်သလိုဖြစ်နေကြတာ ကြားလို့မကောင်းလောက် အောင်ပါပဲ ဘကြီးရယ်။ နောက်ဆုံး ဆင့်ဗိုက်ထဲကမြေခွေး ဟာ ကံကောင်းထောက်မပြီး မိုးကြီးရွာချလိုက်လို့ ဆင်စအိုရေနူးပြီး ပွလာတော့မှ ပြန်လွတ်ခဲ့ရသလို ဒီဝေလေလေအုပ်စုတွေဟာလည်း မြန်မာပြည်ကို ပြန်ပြေးလာနိုင်ဖို့ မြန်မာပြည်မှာ နိုင်ငံရေးမိုးကြီးလေကြီးကျပါစေလို့ ဆုတောင်းနေကြတာပေ့ါ။

ဖြိုး။ ။ဖွဟဲ့၊လွဲပါစေ ဖယ်ပါစေ။ ဒို့ပြည်သူတွေကတော့ နာဂစ်ပြီးကတည်းက မိုးတို့ လေတို့ဆိုတဲ့အသံကို ယောင်လို့ တောင်မှ မကြားချင်ကြတော့ဘူးဟေ့။ **ဒီဝေလေလေကောင်တွေက မြန်မာပြည်မှာ သူတို့လိုချင်တဲ့ အပြောင်းအလဲဖြစ်ဖို့ သူတို့ မှီခိုကပ်ရပ်နေရတဲ့သခင်ကြီးတွေကို အားကိုးလို့ မရမှန်းသိတော့ ရဟန်းသံဃာတွေပါမကျန် ဟိုလူ့မြှောက်ပေး၊ ဒီလူ့ကိုသွေးထိုးပေးနဲ့ ဆူဖို့ပူဖို့လှုံ့ဆော်နေကြတာလေ။ သူတို့ရဲ့အကျိုးအတွက် ပြည်သူလူထုကို လက်ကိုင်တုတ် လုပ်ပြီး လူထုအင်အားကို တလွဲအသုံးချဖို့၊ 'ဆင်ဖြူတော်ကို မှီပြီး ကြံစုပ်ဖို့'ကြိုးစားနေကြတာ စိတ်မကောင်း စရာပဲ။ တချို့ကလည်း 'ဆင်ကန်းတောတိုး' လုပ်ရပ်တွေနဲ့ မိုင်းထောင် ဗုံးခွဲ အကြမ်းဖက်နည်းလမ်းတွေသုံးပြီး ပြည်သူလူထုကို တိုက်ခိုက်သတ်ဖြတ်၊ စိတ်ခတ်ချောက်ချားအောင် လုပ်နေကြတာ မဟန်ပါဘူးကွာ။**

ဒိုး။ ။**ကျွန်တော်တို့ ပြည်သူတွေကတော့ ကိုယ့်တိုင်းပြည်ကို ကောင်းစားတာပဲ မြင်ချင်တာပေါ့ ဘကြီးရယ်။ မိဘက သားသမီးတွေကို 'ဆင်စီးလို့မြင်းရံ' တာပဲမြင်ချင်တယ်။ ဆင်နင်းလို့ မြင်းကန်တာ မမြင်ချင်ဘူး ဆိုတာလိုပေါ့။ တကယ်တော့ လွတ်လပ်ရေးရတာပဲ အနှစ် ၆၀ပြည့်ခဲ့ပြီ။ နိုင်ငံတစ်ခုအနေနဲ့ ရင့်ကျက်တည်ငြိမ်စွာနဲ့ တိုးတက်ဖွံ့ဖြိုးတဲ့လမ်းကြောင်း ပေါ်ကို ရောက်ဖို့ သင့်ပြီလေ။**

ဖြိုး။ ။မင်းက 'ဆင်စီးလို့မြင်းရံ' ဆိုတော့ တစ်ခုသွားပြီးသတိရမိပြန်သကွ။ ဒီစကားမျိုးက ရုပ်ရှင်တွေထဲမှာ မင်းသမီးကို သူဌေးသားနဲ့နေရာချထားပေးဖို့ မိဘတွေက ဖျောင်းဖျနားချတဲ့ အခါ သုံးတဲ့စကားမျိုးမဟုတ်လား။ အခုလည်း ဒို့ပြည်သူတွေက အခြေခံဥပဒေသစ်ကို တစ်ခဲနက် ထောက်ခံအတည်ပြုလိုက်တာဟာ လူငယ်ချင်းကလည်း သဘောကျ မေတ္တာမျှကြတာနဲ့ မတူဘူးလား။ **ကမ္ဘာ့ကုလသမဂ္ဂတို့၊ အာဆီယံတို့လို နိုင်ငံတကာနဲ့ ဒေသတွင်းအဖွဲ့အစည်းတွေ ကိုယ်တိုင်ကလည်း ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို လက်ခံပြီးသား၊ သဘောတူပြီးသား၊ ရွေးကောက်ပွဲသစ်ကိုလည်း ၂၀၁၀မှာ လုပ်တဲ့အခါ လွတ်လပ်မျှတစွာ ဆောင်ရွက်ဖို့ရာ တိုက်တွန်းလိုက်သေးတယ်ဆိုတော့၊ ရွေးကောက်ပွဲအသစ် လုပ်မှာကို လက်ခံ ပြီးတဲ့နောက်မှတော့ကွာ၊ အဟောင်းက ရလဒ်ဆိုတာ ပြောနေဖို့လိုသေးလား။ ဒီလိုကမ္ဘာ့ ရပ်မိရပ်ဖနဲ့တူတဲ့ အဖွဲ့ အစည်းတွေကလည်း လက်ခံသဘောတူပြီ၊ 'ခင်ပြည်သူ' နဲ့ 'မောင်အခြေခံဥပဒေသစ်' တို့ကလည်း မေတ္တာမျှနေကြပြီ ဆိုမှတော့ ဆင်စီးလို့မြင်းရံတဲ့ ဘဝမျိုးကို မျှော်မှန်းလို့ရပြီပေ့ါကွ။ မဟုတ်ဘူးလား။**

ဒိုး။ ဒါပေမယ့် အဘရေ၊ **ပြည်ပန်းညိုချိုပါလျက်နဲ့ ကြားက ဖျက်ဖို့၊ မစားရတဲ့အမဲကို သဲနဲ့ပက်ချင်တဲ့သူတွေကလည်း ရှိနေသေးတယ်မဟုတ်လား။ သူတို့ကိုယ်တိုင်ကလည်းမစွမ်းနိုင်၊ သူများလုပ်တာကျတော့လည်း တစ်စက်မှ အကောင်းမမြင်၊ အထင်ကြီးလောက်စရာ ဘာမူဝါဒ၊ ဘာလုပ်ရပ်မှလည်း ခိုင်ခိုင်မာမာမရှိ၊ အစိုးရလုပ်တာမှန်သမျှ ကောင်းကောင်း-မကောင်းကောင်းဆန့်ကျင်ကြဆိုတဲ့ အနှစ်ပြွပြွ၊ အကျိုးမဲ့တဲ့ လမ်းကြောင်း တစ်ခုတည်းနဲ့ကတော့ သူတို့ရဲ့လုပ်ရပ်က ဘယ်လိုမှကောင်းတဲ့ အကျိုးရလဒ်ထွက်ပေါ်လာနိုင်မှာ မဟုတ်ဘူး။**

ဖြိုး။ သိပ်တော့လည်းစိတ်မပူပါနဲ့ကွာ။ ကောင်းတာကိုလုပ်တဲ့သူတွေဟာ ကောင်းကျိုးကိုရပါလိမ့်မယ်။ မကောင်းတာလုပ်တဲ့သူတွေလည်း မကောင်းကျိုးကိုရပြီး သူ့စရိုက်နဲ့သူသွားကြရမှာပါ။ ငါကတော့ အမှားအမှန်ခွဲခြားတတ်တဲ့ ပြည်သူတွေရဲ့အားကိုယုံတယ်ကွ။ ဒို့မြန်မာမှုမှာ **"အရေးကြုံလှာ၊ ကူညီပါမှ၊ သဟာမိတ်ကောင်းစစ်"** လို့ဆိုတယ်မဟုတ်လား။ ပြီးခဲ့တဲ့ နာဂစ်အရေးအခင်းမှာ ဘယ်သူတွေက စေတနာမေတ္တာအပြည့်နဲ့ ကိုယ်ဖိရင်ဖိအင်တိုက်အားတိုက်ကူညီခဲ့တယ်၊ ဘယ်သူတွေကတော့ ဘေးထိုင်ဘုပြောပြီး မဟုတ်မမှန်လုပ်ကြံသတင်းတွေနဲ့ အတင်းအဖျင်းအမနာပစကား၊ အချင်းချင်းသွေးကွဲစေမယ့် ပိသုဏဝါစာ ကုန်းချောစကားတွေ တွင်တွင်ပြောရင်း မကူညီတဲ့အပြင် ကူညီချင်တဲ့သူတွေပါ သဒ္ဓါပျက်အောင် အဖျက်လုပ်ငန်းတွေ လုပ်ခဲ့ကြတယ်ဆိုတာ ပြည်သူတွေက သိပါတယ်။ အဲဒီတော့ "ဆင်သွားရင်လမ်းဖြစ်တယ်" ဆိုတာလို ပြည်သူတစ်ရပ်လုံးရဲ့ စည်းလုံးညီညွတ်တဲ့ စွမ်းပကားနဲ့ ဒီအဖျက်ရန်တွေကိုကျော်လွှားပြီး အေးချမ်းသာယာဖွံ့ဖြိုးတဲ့ နိုင်ငံသစ်ကို ချီတက်ကြမယ်ဆိုရင် မအောင်မြင်နိုင်စရာ မရှိပါဘူးလို့ စိတ်ချယုံကြည်ရင်းနဲ့ ဒို့ရဲ့ဒီကနေ့ 'ဆင်တရား'ကို နိဂုံးချုပ်လိုက်ကြရအောင်ကွာ။ ။

> **ပြည်ပန်းညို ချိုပါလျက်နဲ့ ကြားက ဖျက်ဖို့၊ မစားရတဲ့အမဲကို သဲနဲ့ပက်ချင်တဲ့ သူတွေကလည်း ရှိနေသေးတယ်မဟုတ်လား။ သူတို့ကိုယ်တိုင်ကလည်း မစွမ်းနိုင်၊ သူများလုပ်တာကျတော့လည်း တစ်စက်မှအကောင်းမမြင်၊ အထင်ကြီးလောက်စရာ ဘာမူဝါဒ၊ ဘာလုပ်ရပ်မှလည်း ခိုင်ခိုင်မာမာမရှိ၊ အစိုးရလုပ်တာမှန်သမျှ ကောင်းကောင်း-မကောင်းကောင်း ဆန့်ကျင်ကြဆိုတဲ့ အနှစ်ပြွပြွ၊ အကျိုးမဲ့တဲ့ လမ်းကြောင်းတစ်ခုတည်းနဲ့ကတော့ သူတို့ရဲ့လုပ်ရပ်က ဘယ်လိုမှ ကောင်းတဲ့အကျိုးရလဒ် ထွက်ပေါ်လာနိုင်မှာ မဟုတ်ဘူး။**

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ယှဉ်ပြိုင်ကစား

ရန်ကုန် ဩဂုတ် ၂၈

၂၀၀၈ ခုနှစ်(၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အလွတ်တန်းပြိုင်ပွဲနှင့် စတုတ္ထအကြိမ်မြောက် အသက် (၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘော ပြိုင်ပွဲအကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈နာရီမှ စ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံ ခန်းမ၌ ကျင်းပသည်။

အသက်(၁၈)နှစ်အောက် အမျိုးသားပွဲစဉ်အကြို ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းကပဲခူးတိုင်းကို(၈၁-၃၆) မှတ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)က စစ်ကိုင်းတိုင်းကို (၇၄-၃၀) မှတ်၊ အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ပဲခူးတိုင်းကို (၆၆-၂၃)မှတ်၊ စစ်ကိုင်းတိုင်းက ဧရာဝတီတိုင်းကို (၇၁-၃၁)မှတ်တို့ဖြင့် အနိုင်ရရှိကာဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ အသက်(၁၈)နှစ်အောက်အမျိုးသား ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန် နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ အမျိုးသမီးဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အလွတ်တန်းအမျိုးသမီးအကြိုဗိုလ်လုပွဲတွင်စစ်ကိုင်း တိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)ကို (၉၆-၃၉)မှတ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက်သွားပြီး အမျိုးသား အကြိုဗိုလ်လုပွဲတွင်လည်း မန္တလေးတိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း)ကို(၉၅-၅၁)မှတ်ဖြင့်အနိုင်ရရှိသွားသည်။

အမျိုးသားအလွတ်တန်း အကြိုဗိုလ်လုပွဲ တွင်ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် မန္တလေး တိုင်းတို့ ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

ဩဂုတ် ၂၉ရက်(ယနေ့)နံနက်၉နာရီမှစ၍ ဗိုလ်လုပွဲ ပွဲစဉ်များကို ကျင်းပသွားမည်ဖြစ်ရာ အလွတ်တန်း ပြိုင်ပွဲ နှင့် အသက် (၁၈)နှစ်အောက်ပြိုင်ပွဲ နှစ်ပွဲထည့်သွင်း ကျင်းပမည် ဖြစ်သည်။ (ကြေးမုံ)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးတို့ အနိုင်ရရှိ

နေပြည်တော် ဩဂုတ် ၂၈

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီး ဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ် လည်ပြိုင်ပွဲများကို နေပြည်တော်ဘောလုံးကွင်းနှင့် ပေါင်း လောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၃နာရီခွဲ ကဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်း၌ (ဃဃ)အုပ်စုတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံး အသင်းက ကျန်းမာရေးဝန်ကြီးဌာနဘောလုံးအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ဃဃ)အုပ်စုတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဘောလုံးအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဘောလုံးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

၂၉-၈-၂၀၀၈

(နေပြည်တော်ကွင်း)

(ကက) အုပ်စု-နယ်စပ်/စည်ပင်နှင့် အလုပ်သမား

(ပေါင်းလောင်းကွင်း)

(ကက) အုပ်စု - ရထားနှင့် စက်မှု (၁)

(၁၀၇)

အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ

ရန်ကုန် ဩဂုတ် ၂၈

အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ယမန်နေ့က ကျင်းပရာ ပထမအကြိုဗိုလ်လုပွဲတွင် လစ်ဗျား အသက်(၂၃)နှစ်အောက် လူငယ်အသင်းက မြန်မာ အသင်းကို ငါးဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ ဒုတိယအကြို ဗိုလ်လုပွဲတွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းက အင်ဒို နီးရှား အသက်(၂၁)နှစ်အောက် လူငယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်သွားသည်။

ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ဩဂုတ် ၂၉ရက်၌ ကျင်းပမည်ဖြစ်ရာ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသက် (၂၁)နှစ်အောက် လူငယ်အသင်းတို့သည် တတိယနေရာအတွက်လည်းကောင်း၊ အင်ဒိုနီးရှား လက်ရွေးစင်အသင်းနှင့် လစ်ဗျားအသက်(၂၃)နှစ်အောက် လူငယ်အသင်းတို့သည် ဗိုလ်လုပွဲအဖြစ်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (ကြေးမုံ)

ကားလင်းဖလား ဘောလုံးပြိုင်ပွဲ ရလဒ်များ

ရန်ကုန် ဩဂုတ် ၂၈

အင်္ဂလန်နိုင်ငံ ကားလင်းဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို ဩဂုတ် ၂၆ရက်နှင့်၂၇ရက်တို့က ကျင်းပခဲ့ရာ ရှက်ဖီးယူနိုက်တက်ကဟတ်ဒါဖီးလ်ကို ၂း၁၊ ဘလက်ဘန်းက ဂရင်းစ်ဘီကို ၄း၁၊ ဖူလ်ဟမ်က လက်စတာကို ၃း၂ လိဒ်စ်ကခရစ္စတယ်ပဲလေ့စ်ကို၄း၀၊အက်စ်ဗတ်ချ်က ကိုချက်စတာကို၂း၁၊ ဆောက်သမ်တန်က ဘာမင်ဂမ်ကို၂း၀၊ ခရူဝီက ဘရစ္စတိုလ်ကို၂း၁၊ ကာဒစ်ဖ်က မီလ်တန်ကို၂း၁၊ ကျူပီအာရ်က ကာလီစလေကို ၄း၀၊ ဘန်လေက အိုဟမ်ကို ၃း၀၊ ဒါဘီ က ပရက်စတန်ကို ၁း၀၊ ဝီဂန်က နော့ကောင်တီကို ၄း၀၊ စတုတ်က ချဲလ်တင်ဟမ်ကို ၃း၂ ဟာတဲလ်ပိုးလ်က ဝက်စ်ဘရွန်းကို ၃း၁၊ နယူးကာဆယ်က ကိုဗင်ထရီကို ၃း၂၊ ဝက်ဖို့ဒ်က ဒါလင်တန်ကို ၂း၁၊ ဆွမ်ဆီးက ဟူးဟ်စီးတီးကို ၂း၁၊ ရိုတာဟမ်က ဝုဖ်ဗာဟန်တန်ကိုပယ်နယ်တီ၄း၃၊ရီးဒင်းကလူတန်တောင်းကို ၅း၁၊နော့သမ်တန်က ဘော်လ်တန်ကို ၂း၁တို့ဖြင့် အနိုင်ရရှိကြသည်။ **အင်တာနက်။**

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဩဂုတ် ၂၈

ဩဂုတ် ၁၀ ရက်က ဦးအေးချိုသောင်းသည် ကစားဖော်များ ဖြစ်ကြ သော ဦးစန်းလွင်၊ ဦးအေးမြင့်မောင်၊ ဦးမျိုးဝင်း၊ ဦးပုံဇာစွမ်းတို့နှင့် အတူ ရေပြာဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် XX10-33 ဂေါက်သီးအား (Maruman Exam Iron No-9) တုတ်ဖြင့် ရိုက်လိုက်ရာ၁၂၄ ကိုက် အကွာရှိ ကျင်းအမှတ် (၁၆)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတကာစီးပွားရေးဆိုင်ရာ အင်တာနက်သတင်းဆောင်းပါး

ကမ္ဘာ့ကုန်သွယ် ရေလမ်းကြောင်းပေါ်မှ ခေတ်သစ်ပင်လယ်ဓားပြများ

ဆိုမာလီယာ ကမ်းလွန်ပင်လယ်ပြင်တွင် ဩဂုတ် ၂၁ ရက်က ကုန်စည်ကူးသန်း ပို့ဆောင်ရေးဆိုင်ရာ သင်္ဘောသုံးစင်းကို ပင်လယ်ဓားပြများက အချိန်အနည်းငယ်အတွင်းမှာပင် တစ်စင်းပြီးတစ်စင်း ဆက်တိုက် တိုက်ခိုက်ခဲ့ရာ မကြုံစဖူးထူးကဲသည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်ကြောင်း ကမ္ဘာ့ပင်လယ်ရေကြောင်း သွားလာရေး ဆိုင်ရာ အဖွဲ့အစည်းတစ်ခုက ပြောကြားလိုက်သည်။

ဂျပန်ရေနံတင် သင်္ဘောတစ်စင်း နှင့်အီရန်ရေနံတင်သင်္ဘောတစ်စင်း တို့ကိုဂရင်းနစ်စံတော်ချိန်၀၂း၀၀နှင့် ၀၃း၀၀ကြားတွင်တိုက်ခိုက်သိမ်းပိုက် ခဲ့ကြပြီး ဂျာမန်ကုန်တင်သင်္ဘော တစ်စင်းကို ဂရင်းနစ်စံတော်ချိန် ၀၉း၄၅ တွင် တိုက်ခိုက်သိမ်း ပိုက်ခဲ့ကြခြင်းဖြစ်ကြောင်း မလေးရှား နိုင်ငံ ကွာလာလမ်ပူမြို့ အခြေစိုက် နိုင်ငံတကာရေကြောင်းဗျူရို(IMB) ၏ပင်လယ်ဓားပြမှုခင်းဆိုင်ရာ ဗဟို ဌာနက သတင်းထုတ်ပြန်ခဲ့သည်။

"ပင်လယ်ဓားပြတွေဟာ အုပ်စု တစ်ခုတည်းပဲလား၊ အုပ်စုကွဲတွေက တိုက်ခိုက်တာပဲလား ဆိုတာတော့ စုံ စမ်းစစ်ဆေးနေဆဲမို့ မပြောနိုင်သေး ပါဘူး။ အေဒင်ပင်လယ် ကွေ့ကို ဖြတ် သန်းသွားလာနေတဲ့ သင်္ဘောအားလုံး ဆီကိုတော့ အန္တရာယ်သတိပေးချက် တွေချက်ချင်းထုတ်ပြန်ပေးခဲ့ပါတယ်" ဟုIMBအကြီးအကဲ နိုဝယ်ချောင်က ပြောကြားသည်။ပင်လယ်ဓားပြတိုက် ခဲ့သည့်အချိန်မှာ တစ်စင်းနှင့်တစ်စင်း မကွာခြားသကဲ့သို့ နေရာမှာလည်း အလွန်ပင် နီးကပ်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပင်လယ်ဓားပြတိုက်ခိုက်မှုများကြောင့် ကမ္ဘာနှင့်အဝန်းတွင် နှစ်စဉ်ပျမ်းမျှ အားဖြင့်အမေရိကန်ဒေါ်လာ၁၃ဘီလီ ယံမှ၁၆ဘီလီယံအထိ ဆုံးရှုံးလျက် ရှိရာနှစ်စဉ်ကုန်စည်ကူးသန်းပို့ဆောင် ရေးသင်္ဘောစင်းရေ ၅၀၀၀၀ ကျော် ဖြတ်သန်း ခုတ်မောင်းလျက်ရှိသည့် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာ ဒေသများ၊ ဆိုမာလီယာကမ်းလွန်၊ မလက္ကာ ရေလက်ကြားဒေသများတွင် အဓိကအားဖြင့် ဆုံးရှုံးမှုအများဆုံး ဖြစ်သည်။

ကမ္ဘာနှင့်အဝန်းတွင် အပြည်ပြည် ဆိုင်ရာကုန်စည်ပို့ဆောင်ရောင်းဝယ် မှု၏အလွန်ကြီးမားလှသောပမာဏကို

ပင်လယ်ဓားပြများသည် ၎င်းတို့၏သင်္ဘောကို ငါးဖမ်းသင်္ဘော အသွင်ဆောင်ကာ လှည့်လည်ကျက်စားလေ့ရှိသည်။

ရေကြောင်းမှပင်ပို့ဆောင်ကြခြင်းဖြစ်ရာ ဤသည်မှာပင်ခေတ်သစ်ပင်လယ် ဓားပြတို့အဖို့မျက်စိကျဖွယ်ရာကြီးမား ကျယ်ပြန့်လှသည့် စားကျက်ကြီးတစ်ခုသ ဖွယ်ပင်ဖြစ်နေသည်။ တိုက်ခိုက်မှုများ စွာတို့မှာလည်းပင်လယ်ဓားပြတို့ကအောင် ပွဲခံရလေ့ရှိသည်။

အထူးသဖြင့် ရေကြောင်းလုံခြုံရေး ဆိုင်ရာ အင်အားနည်းပါးသလောက်ကုန် သွယ်သွားလာမှုများပြားသည့်ရေကြောင်း လမ်းများ၌ပင်လယ်ဓားပြတို့ ကျက်စား ကြသည်။ ၎င်းတို့၏သင်္ဘောများကိုငါး ဖမ်းသင်္ဘော(သို့မဟုတ်)ကုန်သင်္ဘော တစ်စင်းသဖွယ်ဟန်ဆောင်ပုံဖျက်ထား ကြပြီး ၎င်းတို့ကို လိုက်လံဖမ်းဆီးပါက လည်း နောက်မှလိုက်ဖမ်းသည့် နိုင်ငံ နှင့် မတည့်သည့်(ရန်သူနိုင်ငံ၏) ရေ ပိုင်နက်သို့မောင်းဝင်ပြေးကာ တိမ်း ရှောင်တတ်ကြသည်။ခေတ်သစ်ပင် လယ်ဓားပြတို့မှာ အများအားဖြင့် အုပ်စုငယ်များအဖြစ် ၎င်းတို့ ဘာသာ လှုပ်ရှားနေကြခြင်းဖြစ်ပြီး တစ်ခါ တစ်ရံတွင်မူ ၎င်းတို့၏နောက်ကွယ်၌ ကြိုးကိုင်သည့် ရာဇဝတ်ဂိုဏ်းကြီးများ လည်း ရှိနေတတ်ကြသည်။

ခေတ်သစ် ပင်လယ်ဓားပြမှုခင်း များကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင်ပြန်ပေး ရွေးငွေရရှိရေးအတွက် လူများကိုပြန် ပေးဆွဲခြင်း၊ဓားပြတိုက်ခြင်း၊ လူ သတ်ခြင်း၊ သင်္ဘောနှင့် ကုန်စည်များ ကိုသိမ်းပိုက်ခြင်း၊ အဖျက်အမှောင့် လုပ်ငန်းများကို သင်္ဘောပေါ်တွင်ပြု လုပ်ပြီး သင်္ဘောကိုနစ်မြုပ်စေခြင်းတို့ ပါဝင်သည်ဟု ဆိုသည်။

အပြည်ပြည်ဆိုင်ရာရေကြောင်းဗျူရို (IMB)၏မှတ်တမ်းများအရပင်လယ် ဓားပြတိုက်ခိုက်မှုများတွင်သင်္ဘောသား များကို အကြမ်းဖက်တိုက်ခိုက်မှုများ လွှမ်းမိုးနေသည်ဟု ဆိုသည်။ ဥပမာ အားဖြင့် ၂၀၀၆ခုနှစ်တွင် ရေကြောင်း ဓားပြမှု ၂၃၉မှု ဖြစ်ပွားခဲ့ရာ သင်္ဘော သား၇၇ ဦး ပြန်ပေးဆွဲခံရပြီး ၁၈၈ ဦးကိုဓားစာခံအဖြစ် ဖမ်းဆီးခဲ့ရုံ သာမ က ၁၅ ဦးမှာ အသတ်ခံခဲ့ကြရသည်။ ၂၀၀၇ခုနှစ်တွင် ရေကြောင်းဓားပြ တိုက်မှု ၁၀ ရာခိုင်နှုန်း ပိုများလာပြီး ၂၆၃ မှုအထိ ဖြစ်ပွားခဲ့သည်။

အချို့မှုခင်းများ၌ပင်လယ်ဓားပြများ သည်သင်္ဘောတွင်တင်ဆောင်လာသည့် ကုန်စည်များကိုစိတ်မဝင်စားဘဲသင်္ဘော သားများ၏ကိုယ်ပိုင်ပစ္စည်းများ၊မြောက် မြားလှစွာသော သင်္ဘောသားလစာငွေ များနှင့် ဆိပ်ကမ်းတွင်ပေးချေရန်အ တွက်ယူဆောင်လာသောငွေကြေးများ ကို အဓိကထား၍ တိုက်ယူကြသည်။ အချို့မှုခင်းများတွင်မူသင်္ဘောသားများ ကိုသင်္ဘောပေါ်မှမောင်းချ၍ သင်္ဘော ကိုလည်း ဆိပ်ကမ်းတစ်ခုခုသို့မောင်း နှင်ယူဆောင်သွားပြီးဆေးရောင်ပြောင်း သုတ်ကာ စာရွက်စာတမ်းအတုများ ဖြင့် လက်လွှဲရောင်းချလိုက်ကြသည် များလည်းရှိသည်။ ယင်းသို့သောကိစ္စ များတွင် ဒေသဆိုင်ရာ အကျင့်ပျက် ဝန်ထမ်းတချို့ ပါဝင်ပတ်သက်နေ တတ်သည်ကိုလည်း တွေ့ရသည်။

ခေတ်သစ် ပင်လယ်ဓားပြတို့သည် ခေတ်မီနည်းပညာများကိုလည်းသုံးစွဲ ကြရာ မိုဘိုင်းလ်ဖုန်းများ၊ ခေတ်မီ အမြန်ရေယာဉ်များ၊ ချေမှုန်းရေးရိုင် ဖယ်များ၊ ပြောင်းတိုသေနတ်များ၊ ပစ္စ တိုများ၊စက်သေနတ်များအပြင် အာရ် ပီဂျီများနှင့် ဗုံးပစ်လောင်ချာများကိုပါ ကိုင်ဆောင် သုံးစွဲကြသည်။ ပင်လယ် ကမ်းခြေမှ မိုင် ၁၀၀ (ကီလိုမီတာ ၁၆၀)ထက်ကွာဝေးသော ပင်လယ်ပြင် တွင် ပင်မသင်္ဘောကြီးတစ်စင်းဖြင့် လှုပ်ရှားသွားလာကြပြီး ပစ်မှတ်သား ကောင်ကိုတွေ့သည်နှင့် လက်နက် ကိုင်များပါဝင်သော အမြန်ရေယာဉ် ငယ်များကို စေလွှတ်တိုက်ခိုက်ကြ ခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင်ရေကြောင်းဓားပြမှု အများဆုံးဖြစ်ပွားသည့်ဒေသများမှာ အင်ဒိုနီးရှား၊ နိုင်ဂျီးရီးယား၊ ဆိုမာ လီယာ၊ဘင်္ဂလားဒေ့ရှ်(စစ်တကောင်း မြစ်ဝ)၊ ဘရာဇီး (ဆန်းတို့စ်) တို့ ဖြစ်ကြောင်း ယမန်နှစ်က ထုတ်ပြန် သည့်IMB ၏နှစ်ပတ်လည် အစီ ရင်ခံစာ၌ ဖော်ပြထားသည်။

လန်ဒန်ဖိုင်နင်ရှယ် တိုင်းမ်သ တင်းစာနှင့်တွေ့ဆုံ မေးမြန်းခန်းတွင် သင်္ဘောလုပ်ငန်း အဖွဲ့ချုပ်အထွေ ထွေအတွင်းရေးမှူး ပြောကြားခဲ့ သည့်"ပင်လယ် ဓားပြမှုတွေ အများ ဆုံး ဖြစ်ပွားခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်မှာ ဆိုမာလီယာဆိုတာဟာရေဒါဖန်သား ပြင်ပေါ်က အစက်အပြောက်တစ်ခု သာသာမျှသာဖြစ်ပါတယ်။ အခု တော့ တကယ့်ကို ဧရာမပြဿနာ ကြီး ဖြစ်လာပါပြီ။ ဒေသတစ်ခုဟာ ဥပဒေကင်းမဲ့နေရုံသာမက စီးပွား ရေးကပါ ချွတ်ခြုံကျလာပြီဆိုရင် အဲဒီဒေသဟာ ပင်လယ်ဓားပြတိုက် မှုတွေဖြစ်ပွားတတ်တဲ့ နေရာတစ်ခု ဖြစ်လာပြီး အဲဒါကို အမြစ်ပြတ် အောင် ချေမှုန်းဖို့ဆိုတာကလည်း သိပ်ကို ခက်ခဲသွားပါပြီ" ဆိုသည့် စကားမှာ ခေတ်သစ်ပင်လယ်ဓားပြ မှုခင်းများ၏သရုပ်မှန်ကို ပြဆိုနေ ခြင်းပင်ဖြစ်သည်ဟု ဆိုနိုင် ကြောင်း တင်ပြလိုက်ရပါသည်။ ။

အောင်နိုင်ဦး(ကြေးမုံ)

ရှေ့ဖုံးမှ

၉။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၆ တွင်-

(က) နည်းဥပဒေ ၂၃ ၌ ပါရှိသော ဒုတိယစာပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည်-
"Commissioners' fees for every effective meeting shall not exceed five thousand kyats for the first two hours and one thousand kyats for each succeeding hour."

(ခ) နည်းဥပဒေ ၂၄ ၏ စာကိုယ်စာပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည်-
"24. When, under the orders of a State or Divisional Court or District Court, an oath or solemn affirmation is administered to a declarant of an affidavit at his request elsewhere than at the Court, a fee of fifteen hundred kyats shall be paid by the said declarant;"

(ဂ) နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ(ခ)၌ပါရှိသော ငွေပမာဏကို "five hundred kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ(ဂ)၌ပါရှိသော ငွေပမာဏကို "five thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ တရားမကျင့်ထုံး ဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ(က)တွင်-

(က) နည်းဥပဒေခွဲငယ်(၁)၌ပါရှိသည့် "as the Court deems reasonable;" ဆိုသည့် စကားရပ်နောက်တွင် "or in a suit instituted by the Bank, at such rate as fixed by the Central Bank of Myanmar, from time to time and one per cent shall be added in addition to that rate fixed as such," ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) နည်းဥပဒေခွဲငယ်(၂)၌ပါရှိသည့် "the preliminary decree;" ဆိုသည့် စကားရပ်နောက်တွင် "or in a suit instituted by the Bank, at such rate as fixed by the Central Bank of Myanmar, from time to time and one per cent shall be added in addition to that rate fixed as such;" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) နည်းဥပဒေခွဲငယ်(၃)၌ပါရှိသည့် "failing both such rates, at nine per cent per annum; and" ဆိုသည့် စကားရပ်ကို "where both of such rates are not fixed, at such rate as the Court deems reasonable or in a suit instituted by the Bank, at such rate as fixed by the Central Bank of Myanmar, from time to time and one per cent shall be added in addition to that rate fixed as such;" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ(ခ)တွင်ပါရှိသည့် "as the Court deems reasonable-" ဆိုသည့်စကားရပ်နောက်တွင် "or in a suit instituted by the Bank, at such rate as fixed by the Central Bank of Myanmar, from time to time and one per cent shall be added in addition to that rate fixed as such," ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၂။ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၈၊ နည်းဥပဒေ ၄ ပထမခြွင်းချက်တွင် ပါရှိသော ငွေပမာဏကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် လွိုင်လင်ခရိုင် ကျိုင်းတောင်းမြို့နယ် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းပြီးစီးမှုအခြေအနေများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် မိုင်းပန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းအဆောက်အအုံနှင့် အားကစားကွင်းတည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်းပန်မြို့၏ ကျက်သရေဆောင် မဟာတေဇာမိပတိ စေတီတော်အား ဖူးမြော်ကြည်ညိုကာ စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့သည် လင်းခေးမြို့နယ်၌ တောင်သူဦးစိုင်းနန္ဒာ၏ ၁၀ ဧက စိုက်ခင်းအတွင်း စိုက်ပျိုးထားသော ရေဆင်း (၂) အမျိုးအစား ကြံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကာ လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နွယ်ဝတီခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ လင်းခေးမြို့နယ်အတွက် သုတရသစာအုပ်များ၊ စာရေးကိရိယာများနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လင်းခေးမြို့နယ်၏ ၂၅ ခုတင်ဆံ့ မြို့နယ် ပြည်သူ့ဆေးရုံ၌ ဖျားနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ သားဖွားဆောင်၊ သားဖွားဆိုင်ရာဆေးခန်း၊ ဓာတ်မှန်ဆောင်နှင့် ကာကွယ်ဆေးသိုလှောင်ခန်းတို့ကိုလည်းကောင်း၊ လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာအုပ်စုရှိ တောင်သူ ဦးခမ်းဆိုင်၏ ၂ဒသမ ၆ ဧကအတွင်း ဂျပန်ကလေးမျိုး မြေပဲစိုက်ခင်း၌ အောင်မြင်ဖြစ်ထွန်းနေသော မြေပဲစိုက်ခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လွိုင်လင်ခရိုင် ကျိုင်းတောင်းမြို့နယ်ရှိ တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိစစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ တပ်နယ်အတွက် သုတရသ စာအုပ်များနှင့် စာရေးကိရိယာများ၊ အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကျိုင်းတောင်းမြို့ရှိ ဝိန်းတောင် အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူလေးများ၏ စာပေသင်ကြားနေမှု၊ Computer Room နှင့် Language Lab အခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းပဒေသာပင်အတွက် အလှူငွေများ ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၇) တည်ဆောက်ရေးအဖွဲ့က တာဝန်ယူ တည်ဆောက်လျက်ရှိသော ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြပြီး စီမံကိန်းရှုရပ်ဆောင်မှ စက်ရုံစီမံကိန်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ စီမံကိန်းစက်ရုံ၌ စက်ရုံအတွင်းရှိ ဂျင်နရေတာများ တပ်ဆင်နေမှုကိုလည်းကောင်း၊ ဗို့အားနိမ့် ဓာတ်အားဖြန့်ဝေခန်း၊ တာဘိုင်ခန်း၊ Control Room နှင့် ရေထုတ်မြောင်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"သစ္စာအသိရမှ ဒုက္ခဇာတိမလာမှာ"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၅ - ၁း၅၅	စိတ်၏စွမ်းအား Aikido အားကစား
၈း၁၀ - ၂း၁၀	International Video Topics (ဆာဟာရပုံပြင် - ၁)
၈း၃၅ - ၂း၃၅	Multitude of Market Forms
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀ - ၃း၃၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၀း၁၅ - ၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅	လေ့လာသင်ကြား ဟိုတယ်လုပ်ငန်းများ
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	ကော်ဖီထုတ်လုပ်ခြင်းနှင့်ကော်ဖီသောက်သုံးမှု
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	Art Vision (Fountain of Loving Kindness ပန်းချီပြပွဲ)
၁၁း၃၅ - ၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	ချစ်သောမြေ ချစ်သောရေ (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	လေလှိုင်းမှဖြေကြားပရိသတ်များ အမေးစကား
၁၂း၁၅ - ၆း၁၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ဒေါ်မြင့်မြင့်စိန်)
၁၂း၃၀ - ၆း၃၀	လှပသစ်ဆန်းအလှပြင်ခန်း (IMAGE Face & Body Care)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❖ ရွှေဖုံးမှ

ရန်ကုန်မြစ်ကြမ်းပြင်တိုင်းတာရေး၊ ရန်ကုန်မြစ်အတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် နစ်မြုပ်ကမ်းတင်ရေယာဉ်များ ရှင်းလင်းဆောင်ရွက်ပြီးစီးမှု၊ ဆိပ်ခံဖောတံတားများ ပြန်လည်တည်ဆောက်ပြီးစီးမှု၊ ရေလမ်းကြောင်းအတွင်းနှင့် ရေလမ်းကြောင်းပြင်ပတို့၌ နစ်မြုပ်ကမ်းတင်နေသော ရေယာဉ်များအနက် ၇၃ ရာခိုင်နှုန်း ရှင်းလင်းဆောင်ရွက်ပြီးစီးမှု၊ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုနှင့် ရန်ကုန်ဆိပ်ကမ်းအတွင်း အပြည်ပြည်ဆိုင်ရာ သင်္ဘောများ ဝင်ထွက်ဆိုက်ကပ်နေမှုတို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်ဆိပ်ကမ်းနယ်မြေရှိ ဗိုလ်တထောင် အမှတ်(၆) ဖောတံတား၊ ရွှေတောင် အမှတ်(၂) ဖောတံတား၊ လမ်းသစ်ဖောတံတားနှင့် ကိုင်းတန်းအမှတ်(၁) ဖောတံတားများ၏ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှု၊ သင်္ဘောများ ဝင်ထွက်ဆိုက်ကပ်နေမှု၊ ကုန်စည်များ ပုံမှန်သွက်လက်မြန်ဆန်စွာ စီးဆင်းမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြစ်အတွင်း ရေယာဉ်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး၊ ကုန်စည်များ ပုံမှန်သွက်လက်မြန်ဆန်စွာ စီးဆင်းရေး၊ ကျန်ရှိလုပ်ငန်းများအား အမြန်ဆုံးပြီးစီးရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသွားသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်ဆိပ်ကမ်းနယ်မြေအတွင်း ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမရပူရမြို့နယ် မြစ်ငယ်-ထုံးဘို-ပြင်ဦးလွင် ဖြတ်လမ်း၌ လမ်းပိုင်းကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာ၌ မိုးကောင်းကျေးရွာအုပ်စု၊ မျိုးသန့်စပါး စံပြ စိုက်ကွက် ဧက ၅၀ ၌ သရုပ်ပြ ကောက်စိုက်နေမှု၊ စက်ယန္တရားများဖြင့် ထွန်ယက်နေမှုနှင့် စိုက်ခင်းအနီး ခင်းကျင်းပြသထားသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တီထွင်ထုတ်လုပ်ထားသည့် လယ်ယာသုံး ဓာတ်မြေသြဇာများ၊ သီးနှံသုံးဆေးများ၊ ခင်းကျင်းပြသထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ ကောက်စိုက်သမများနှင့် ဒေသခံ တောင်သူများအား ဂုဏ်ပြုငွေများနှင့် ဓာတ်မြေသြဇာအိတ်များကို ပေးအပ်ကြသည်။

တွေ့ဆုံ

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့အဝင်လမ်း၌ စက်ယန္တရားကြီးများဖြင့် ကတ္တရာခင်းကျင်းနေမှုကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကြကာ ရေအားလျှပ်စစ် ဥမင်လိုဏ် အဝင်ပိုင်း ဖောက်လုပ်နေမှု၊ ရေလွှဲဥမင်အဝင်ပိုင်း ဖောက်လုပ်ပြီးစီးမှုနှင့် ရေအားလျှပ်စစ် ဥမင်လိုဏ် အထွက်ပိုင်း ဖောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့နယ် တောင်တော်ကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်တွင် တည်ဆောက်နေသည့် မြို့ကြီးရေလွှဲဆည်သို့ ရောက်ရှိကြပြီး မြို့ကြီးရေလွှဲဆည်မှ မြို့ကြီး မြောင်းမတော် မြောင်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြို့ကြီးရေလှောင်တမံသည် အလျား ၂၄၆၁ ပေ၊ အမြင့် ၂၅၈ ပေရှိ မြေသားတမံ (ဇုန်အမျိုးအစား)ဖြစ်ပြီး ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက မိတ္ထီလာလွင်ပြင်အတွင်းရှိ ရေသောက်ဧရိယာ ဧက ၃၀၀၀၀ ခန့်နှင့် ဇော်ဂျီရေသောက်စနစ် အတွင်းရှိ စိုက်ပျိုးဧရိယာများကို ဆည်ရေဖြင့် သီးနှံများ ပိုမိုစိုက်ပျိုး ထုတ်လုပ်သွားနိုင်ရုံမက နိုင်ငံတော်အတွက် လိုအပ်နေသော လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ကိုလည်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့နယ် သံရွာ မိုင်တိုင်အမှတ် (၄၄)မိုင် (၃) ဖာလုံ သံရွာ လမ်းဆုံသို့ ရောက်ရှိကြပြီး ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကာ ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်-မြို့ကြီး-ရွာငံ-အောင်ပန်းလမ်း မိုင်တိုင်အမှတ်(၆/၂)၌ နွားတက်တံတား ပြုပြင် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းပိုင်းအခြေအနေများနှင့် လမ်းဘေး ဝဲ/ယာ တစ်လျှောက်ရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါး စိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာရာ ညပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၈

လေဘေးသင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့လာရောက်၍ လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

ဩဂုတ် ၂၂ ရက်တွင် KB International Co., Ltd. က ငွေကျပ် ၁၄၂၈၀၀၀၊ ဗိုလ်ကြီးဇာနည်ထွန်း၊ ဗိုလ်ကြီးသန်းဝင်းအောင်၊ ဗိုလ်ကြီးသူရိန်ရဲထွဋ်၊ ဗိုလ်ကြီးဇော်မိုးနှင့် ညီအစ်ကို သူငယ်ချင်းများ၊ (Power Engineering Institute) က စက်မပါ လေ့သုံးစင်းအတွက် ငွေကျပ် ခြောက်သိန်း၊ ဩဂုတ် ၂၃ ရက်တွင် ရေဆင်းတက္ကသိုလ် ပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက ငွေ ၁၁၈၃၇၂၅ ကျပ်၊ ဩဂုတ် ၂၄ ရက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က လူနေအိမ်နှစ်လုံးအတွက် ငွေကျပ် ၁၂ သိန်း၊ Embasy of the Union of Myanmar, Tokyo မှ တစ်ဆင့် ယူရိုငွေ ၃၇၉၆၇ ဒသမ ၅၀၊ ဩဂုတ် ၂၅ ရက်တွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနက ငွေကျပ်သိန်း ၂၇၀၊ ဩဂုတ် ၂၆ ရက်တွင် မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့မှ သံဃာတော်များက ငွေကျပ် ၅၂၆၀၀၀၀၊ ဩဂုတ် ၂၇ ရက်တွင် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းများက လူနေအိမ်နှစ်လုံးအတွက် ငွေကျပ် ၁၂ သိန်း၊ ဗန်ကောက်မြို့ မြန်မာစစ်သံရုံးမှတစ်ဆင့် Tourist Police Department Bangkok, Thailand က အမေရိကန်ဒေါ်လာ ၄၀၀၊ ဩဂုတ် ၂၈ ရက်တွင် ဒေါက်တာဦးကျော်နှင့် ဆရာမ ဒေါ်ခင်ပြုံးမိသားစုက ငွေကျပ် ငါးသောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဌာနချုပ်)က ငွေကျပ်သိန်း ၃၀၀ တို့ဖြစ်သည်။

ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အထိ လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၆၇၉၂၁၇၂၅၊ အမေရိကန်ဒေါ်လာ ၄၀၀နှင့် ယူရိုငွေ ၃၇၉၆၇ ဒသမ ၅၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေထံ လေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်က ငွေကျပ်သိန်း ၃၀၀ကို ပေးအပ်လှူဒါန်းစဉ်။ (ဘဏ္ဍာ/အခွန်)

The LIVE NEWS ဂျာနယ် အမှတ်(၉၅) ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဩဂုတ် ၂၈

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ် အမှတ် (၉၅)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ မြို့နှင့်မျှို၊ မြင်းမူမောင်နိုင်မိုး၏ သတိ၊ ချစ်အပ်သူ၊ မရှိဘဲလျှင်၊ နီမင်းဆွေ၏ မသိဂီလေးတို့ရဲ့ သုခဘုံ၊ ကိုကိုလှိုင်၏ မူရှာရက်ဖ်အလွန် ပါကစ္စတန်၊ မောင်မြတ်မွန် (ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက နိုင်ငံခြားအမည် ရခဲ့တဲ့ လမ်း/ကုန်တိုက်နဲ့ ဘာသာရေး အဆောက်အအုံများ(၃)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ တရုတ်ပြည်သစ်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ အပိုင်း(၃)၊ အာရှမိုး၏ ဖိလစ်ပိုင်တောင်ပိုင်းက ပြန်လည်ထကြွလာတဲ့ သူပုန်ပြဿနာ၊ ကိုရေချမ်း(တောင်ငူ)၏ မူးယစ်ဆန့်ကျင်တို့တာဝန်၊ ဂျော်ဂျီယာ ခွဲထွက်နယ်မြေများကို ရုရှားက အသိအမှတ်ပြုရန် ပြင်ဆင်လျက်ရှိ၊ ကမ္ဘာ့လူနေမှုစရိတ် အမြင့်မားဆုံးမြို့ကြီးများ၊ အမှုသစ်မစခင် အမှုဟောင်းကိုရှင်းထုတ်ဖို့ ပြင်ဆင်ရတော့မယ့် ချန်ရွှေပြန်း၊ စင်ကာပူနိုင်ငံ အနောက်ပိုင်းဒေသ၌ ငွေစက္ကူအတုလုပ်သော မြေအောက်ဂိုဏ်း ဖော်ထုတ်ရှင်းလင်း၊ ဆွစ်ဇာလန်နိုင်ငံမှာ ဇာတ်ကားရိုက်ရင်း ပျော်ခဲ့ကြရသူများ၊ ဒုတိယမုန်တိုင်းကာလတွင် ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးချက်အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်၊ မျက်ဝန်းရိပ် အပိုင်း (၁ မှ ၆)၊ ပင်လယ်ပျော်မင်းသား အပိုင်း (၂၅၊ ၂၆)၊ ရွှေမင်းသား လေးချစ်ပုံပြင် အပိုင်း (၂၆၊ ၂၇) စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃ စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆ စောင် ကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုး စာပေတိုက် အမှတ်(၁၁၀) အခန်း (၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Service) အမှတ်(၅၅) ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၁၊၀၉-၅၀၀၈၀၄၇ သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

■ အမေရိကန်မှ

အာဖဂန်နစ္စတန်ရှိ ကုလသမဂ္ဂ အထောက်အပံ့ပေးရေးအဖွဲ့ (ယူအန်အေအမ်အေ)က စုံစမ်းစစ်ဆေးရာတွင် ဩဂုတ် ၂၁ ရက် ညသန်းခေါင်အချိန်တွင် နိုင်ငံခြားတပ်ဖွဲ့များနှင့် အာဖဂန်အစိုးရတပ်ဖွဲ့များသည် ရှင်ဒန်းခရိုင်၊ အဇီဇာဘက်ဒေသ နာဝါဘက်ကျေးရွာအတွင်းသို့ ဝင်ရောက်ခဲ့ကြကြောင်း၊ စစ်ဆင်ရေး ဆင်နွှဲခြင်းသည် နာရီပေါင်းများစွာ ကြာမြင့်ကြောင်း၊ လေကြောင်းမှ တိုက်ခိုက်ခြင်းကြောင့် အဆောက်အအုံ လူနေအိမ် ရှစ်လုံးခန့် ပျက်စီးခဲ့သည်မှာ အထောက်အထား ခိုင်မာစွာရှိကြောင်း၊ သေဆုံးသူများ၏ အမည်၊ အသက်၊ ကျားမ တိကျစွာ ပြောနိုင်ကြောင်းတို့ကို တွေ့ရှိရသည်။

မျက်မြင်သက်သေများ၏ ထွက်ဆိုချက်အရ သေဆုံးသူအရေအတွက်မှာ ၉၀ ရှိပြီး ကလေး ၆၀ ပါဝင်ကြောင်း၊ ကျန် ၃၀ မှာ အမျိုးသမီး ၁၅ ဦးနှင့် အမျိုးသား ၁၅ ဦးဖြစ်ကြောင်း ယူအန်အေအမ်အေက စုံစမ်းသိရှိရသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်ပြည်နယ် အဇီဇာဘက်ကျေးရွာတွင် အမေရိကန်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော နေအိမ်အချို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မူးယစ်ကင်းစင်
အလှဆင်

အီဂျစ်မြောက်ပိုင်း ဆိုင်းနိုင်းကျွန်းဆွယ် ဖွံ့ဖြိုးရေး တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်

ကိုင်ရို ဩဂုတ် ၂၇

အီဂျစ်နိုင်ငံက အထူးသဖြင့် အဆင့်မြင့်နည်းပညာ၊ ခရီးသွားလုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့် ရေအရင်းအမြစ် ကဏ္ဍများအတွက် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုရယူလိုကြောင်း၊ အီဂျစ်မြောက်ပိုင်း ဆိုင်းနိုင်းကျွန်းဆွယ် အုပ်ချုပ်ရေးမှူး မိုဟာမက်ဂူရှာက တရုတ်ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အီဂျစ်အရှေ့မြောက်ပိုင်းဒေသတွင် အီဂျစ်နှင့် တရုတ်တို့က ကဏ္ဍမျိုးစုံတွင် ရင်းနှီးမြှုပ်နှံမှု အကြီးအကျယ် မြင့်တင်နိုင်ဖွယ်ရှိသည်ဟု ဂူရှာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ မြောက်ပိုင်းဆိုင်းနိုင်း ဒေသ၏ စိုက်ပျိုးရေး၊ စက်မှု၊ သတ္တုတူးဖော်ရေး၊ ခရီးသွားလုပ်ငန်းနှင့် လူ့အရင်းအမြစ် ကဏ္ဍစသည့် နယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးစေရန်ဆောင်ရွက်နေသည်ဟု ၎င်းက ပြောကြားသည်။

မျှော်လင့်

တရုတ်နိုင်ငံမှ ခေတ်မီအဆင့်မြင့် နည်းပညာများ ရယူအသုံးပြုနိုင်ရန်အတွက် အီဂျစ်နိုင်ငံက တရုတ်၏ ရင်းနှီးမြှုပ်နှံမှုရရှိရန် မျှော်လင့်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ယင်ဇူမြို့တွင် ငလျင်လှုပ်ပြီးနောက် ပိတ်ထားခဲ့ရသော မူလတန်းကျောင်းအား ပြန်လည်ဖွင့်လှစ်နေသည်ကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘတ်စ်ကား ချောက်ထဲထိုးကျ ဘိုလီးဗီးယား၌ ၂၁ ဦး သေဆုံး

လီမာ ဩဂုတ် ၂၇

ဘိုလီးဗီးယားနိုင်ငံအနောက်ဘက်ရှိ တီမူဆီဒေသတွင် ဩဂုတ် ၂၅ ရက်ညပိုင်းက ခရီးသည်တင် ဘတ်စ်ကားတစ်စီး ချောက်ကမ်းပါးထဲသို့ ထိုးကျရာ အနည်းဆုံး ၂၁ဦး သေဆုံးပြီး ၅၅ ဦး ဒဏ်ရာရရှိကြောင်း အင်္ဂါနေ့တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

မတော်တဆဖြစ်ရသည့်အကြောင်းရင်းကိုမသိရသေးကြောင်း၊ယာဉ်မောင်းအား အရက်သောက်စားခြင်း ရှိ၊ မရှိ စစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်မှ ဂျုံတင်သွင်းနေ ဆိုသည့်သတင်း အီရန်ငြင်းဆို

တီဟီရန် ဩဂုတ် ၂၇

အီရန်နိုင်ငံသည် အမေရိကန်နိုင်ငံမှ ဂျုံများကို တင်သွင်းနေသည်ဟု မကြာသေးမီက ထွက်ပေါ်လာသော သတင်းများကို အီရန်နိုင်ငံကူးသန်းရောင်းဝယ်ရေး ဝန်ကြီး မာဆော့ဒ်မီကာဇီမီက မဟုတ်မှန်ကြောင်း ပြောကြားခဲ့သည်ဟု အီရန်နိုင်ငံ၏ ရုပ်သံမှ တနင်္လာနေ့တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံသည် ဂျုံများကို ကနေဒါနှင့် ဥရောပရှိ အချို့သောနိုင်ငံတို့မှသာ ဝယ်ယူလျက်ရှိသည်။ သို့သော် အမေရိကန်နိုင်ငံမှ ဂျုံများကို တိုက်ရိုက် တင်သွင်းခြင်း မရှိကြောင်း မီကာဇီမီ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြသည်။ အီရန်နိုင်ငံတွင် နှံစားသီးနှံထွက်ရှိမှု ကျဆင်းခြင်းကို ကာမိစေရန်အတွက် စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် တစ်လလျှင် ဂျုံတန်ချိန် တစ်သန်းတင်သွင်းရန် စီမံထားကြောင်း အီရန်နိုင်ငံက ထုတ်ပြန်ကြေညာခဲ့သည်။

အီရန်နိုင်ငံသည် ယခုနှစ်တွင် မိုးခေါင်သည့်အတွက် အထိနာပြီး နိုင်ငံ၏ ဂျုံထွက်နှုန်းသည် ယမန်နှစ်က ထွက်ရှိနှုန်းနှင့် နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ထုတ်လွှင့်

အီရန်နိုင်ငံ၏ ယခုနှစ်ဂျုံထွက်ရှိမှုနှုန်းသည် ခြောက်နှစ်တာကာလအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့သည်ဟု ရုပ်သံက ထုတ်လွှင့်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အနောက်ဘက်ကမ်းခြေတွင် အစ္စရေးအိမ်ရာ ဆောက်လုပ်မှု ၂၀၀၇ ခုနှစ်ကထက် နှစ်ဆနီးပါး ရှိလာ

ဂျေရုဆလင် ဩဂုတ် ၂၇

အစ္စရေးက အိမ်ရာဆောက်လုပ်ရေးလှုပ်ရှားမှုများ ထိန်းချုပ်ရန် ကတိကဝတ် ပေးခဲ့လင့်ကစား အနောက်ဘက်ကမ်းခြေတွင် အစ္စရေးအိမ်ရာဆောက်လုပ်မှုသည် ၂၀၀၇ ခုနှစ်ကထက် နှစ်ဆနီးပါး ရှိလာကြောင်း အစ္စရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။ အစ္စရေးအိမ်ရာဆောက်လုပ်မှုလုပ်ငန်းသည် လွန်ခဲ့သည့်နှစ် အလားတူကာလထက် ၁ ဒသမ ၈ ရာခိုင်နှုန်းမြင့် တက်လာခဲ့သည်ဟု ဗဟိုစာရင်းဇယားဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

ဦးဆောင်ဆောက်လုပ်

အိုးအိမ်ဝန်ကြီးဌာနက ၂၀၀၈ခုနှစ် ဇန်နဝါရီ-မေ ကာလအတွင်း အိမ်ခြေ ၄၃၃ ကို စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၇ ခုနှစ် အလားတူကာလက အိမ်ခြေ ၂၄၀ အထိ တည်ဆောက်ခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ အိုးအိမ်ဝန်ကြီးဌာနက ဦးဆောင်ဆောက်လုပ်ခဲ့သည့် အိမ်ရာစခန်းသည် အနောက်ဘက်ကမ်းခြေတွင် ဆောက်ထားသမျှ အိုးအိမ်၏ ၆၄ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

အင်တာနက်။

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့ ဆင်ခြေဖုံးရှိ ဆာဟာလာဒေသ၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာကို ပါကစ္စတန် လုံခြုံရေး တပ်ဖွဲ့များ စစ်ဆေးနေသည်ကို ဩဂုတ် ၂၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်၌ လူအများ စုဝေးရာနေရာတွင် ပေါက်ကွဲမှုဖြစ် သုံးဦးသေ၊ ၂၀ ကျော် ဒဏ်ရာရရှိ

အစ္စလာမ္မာဘတ် ဩဂုတ် ၂၇

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းတွင် လူစုလူဝေးအတွင်း၌ပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦး သေဆုံးပြီး လူ ၂၀ ထက်မနည်း ဒဏ်ရာရရှိသွားကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားရာ နေရာသည် ပါကစ္စတန်၏ အကြီးဆုံးမြို့တော်ဖြစ်သည့် ဘလူချီစတန် ပြည်နယ်ရှိ ဂျာဖာရာဘတ်အရပ်တွင် ဖြစ်ကြောင်း ရဲအရာရှိ အဗ္ဗဒူလ်မာဂျစ်ဘင်ဂျာက ပြောကြားသည်။

၂၀၀၆ ခုနှစ်က သေဆုံးခဲ့ရသော ဘလူချီစတန် ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း နဝပ်အက္ကဘာခန်းဘတ်တီအတွက် နှစ်ပတ်လည်အောက်မေ့ဖွယ် အခမ်းအနားပြုလုပ်စဉ် ပေါက်ကွဲခြင်းဖြစ်သည်။

ဆန့်ကျင်

ဘလူချီစတန်သည် အာဖဂန်နယ်စပ်တွင်ရှိပြီး သဘာဝဓာတ်ငွေ့ကြွယ်ဝသော ပြည်နယ်တစ်ခု ဖြစ်သည်။ ဘလူချီစတန်မှ စစ်သွေးကြွများက ၎င်းတို့အပေါ် အစိုးရက ဂရုစိုက်မှုနည်းပါးပြီး စီးပွားရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးမှု မရှိသည့် ကိစ္စအပေါ် မကျေနပ်ကြပေ။ ၎င်းတို့အနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးအတွက် ပါကစ္စတန်ဗဟိုအစိုးရအပေါ် ဆန့်ကျင်လျက်ရှိသည်။

အင်တာနက်။

အင်ဒိုနီးရှား ကာလီမန်တန်ပြည်နယ်၌ ရေကြီး ပြည်သူရာပေါင်းများစွာ ဘေးလွတ်ရာသို့ပြောင်းရွှေ့

ဂျကာတာ ဩဂုတ် ၂၇

အင်ဒိုနီးရှားနိုင်ငံ ကာလီမန်တန်ပြည်နယ် တောင်ပိုင်းတွင် ရေကြီးသဖြင့် လူပေါင်း ၇၀၀ ကျော်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးကြရပြီး လူနှစ်ဦးမှာ ပျောက်ဆုံးနေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

ကာလီမန်တန်ပြည်နယ်တနမ်ဘန်ဘူနှင့် တနမ်လုတ်မြို့များတွင် ရေကြီးခဲ့ရာ အမြင့်ပေ ၁ ဒသမ ၅ မီတာအထိ မြင့်တက်လာပြီး မြို့များကို ရေလွှမ်းသွားခဲ့သည်ဟု သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့်ကယ်ဆယ်ရေး ဗဟိုဌာနမှ ခေါင်းဆောင် ရပ်စ်တန်ပါကာရာက ပြောကြားသည်။

ရေကြီးမှုကြောင့် လူနှစ်ဦး ပျောက်ဆုံးနေပြီး ၆၈၈ ဦးမှာ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိနေကြောင်း ၎င်းက ဆင်ဟွာသို့ ပြောကြားသည်။

၎င်းရေဘေး ဒုက္ခသည်များအား ရေလွတ်သော ၎င်းတို့၏ ဆွေမျိုးများရှိရာ အိမ်များနှင့်ကျောင်းများသို့ ပြောင်းရွှေ့ နေထိုင်စေခဲ့ကြောင်း ပါကာရာက ပြောကြားသည်။ သစ်တော ပြုန်းတီးနေသော အဆိုပါ ပြည်နယ်တွင် နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်ကို ထိန်းသိမ်းနိုင်ခြင်း မရှိဘဲ ယခုကဲ့သို့ ရေကြီးမှု သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရခြင်းဖြစ် သည်ဟုတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အင်တာနက်။

အိန္ဒိယနိုင်ငံ ဘူဘန်ရှဝါဒေသ နန်ဒါကာနန် တိရစ္ဆာန်ရုံအတွင်း ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရေမြင်း သားအမိကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါလက်စတိုင်းတို့ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် အစ္စရေးက နယ်စပ်ဂိတ်များ ပိတ်ပင်

ဂါဇာ ဩဂုတ် ၂၈

ပါလက်စတိုင်းတို့က ဒုံးကျည်များဖြင့် အစ္စရေးနိုင်ငံတောင်ပိုင်းနယ်မြေများသို့ တိုက်ခိုက်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့်အစ္စရေးကဂါဇာကမ်းမြောင်သို့ ဖြတ်သန်းသည့်နယ်စပ်ဖြတ်ကျော်ဂိတ်များကိုအင်္ဂါနေ့ကပိတ်လိုက်ကြောင်း အစ္စရေးရေဒီယိုက ကြေညာသည်။

ဆုံးဖြတ်ချက်ချ

ဂါဇာကမ်းမြောင်မှ ရော့ကက်ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခဲ့ရာ အနောက် နီဂက်ဒေသသို့ကျရောက်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရတ်နှင့် ၎င်း၏ဒုတိယဝန်ကြီးဖြစ်သူ မာတန်ဗီနိုင်းတို့က ထိုသို့ဆောင်ရွက်ရန်ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းဖြစ်သည်။

လျော်ကြေးပေးခြင်းမရှိ

အီဂျစ်က အစ္စရေးနှင့်အစ္စလာမ့်စ်လှုပ်ရှားမှုအဖွဲ့တို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိခဲ့စေရန် ကမကထ ပြုလုပ်ခဲ့ပြီးနောက် ဟားမတ်စ် ထိန်းချုပ်ထားသည့် နယ်စပ်ဂိတ်များကို တဖြည်းဖြည်းချင်း စတင်ဖွင့်ပေးလျက်ရှိသည်။ ဒုံးကျည် ပစ်ခတ်မှုနှင့် ပတ်သက်၍ မည်သည့်အဖွဲ့ကမှ ထုတ်ဖော်ကြေညာခြင်းမရှိသေးပေ။ အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်သည် ဂါဇာကမ်းမြောင်အား အစ္စရေးက ပိတ်ဆို့ထားမှုလျော့ပါးရေးအတွက် ရည်ရွယ်သည်။ ယင်းအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကြောင့် တည်ငြိမ်မှုအတန်အသင့်ပေါ်ထွန်းစေရန်အထောက်အကူပြုသော်လည်း အစ္စရေးက ဆင်းရဲနွမ်းပါးသည့် ဒေသတွင် ကုန်ပစ္စည်းစီးဆင်းမှုအပေါ် ယခုတိုင် ကန့်သတ်ထားပြီး ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် နယ်စပ်ဂိတ်များ ပိတ်လိုက်သည့်အတွက် ပေါ်ပေါက်လာသော ဆုံးရှုံးမှုအား လျော်ကြေးပေးခြင်းမရှိဟု ဟားမတ်စ်က ပြောကြားသည်။

အင်တာနက်။

တရုတ်နိုင်ငံကွမ်စီကျွမ်းဒေသ ယီဇောမြို့တွင် ဓာတုဗေဒစက်ရုံတစ်ရုံ ပေါက်ကွဲမှုဖြစ်ပွားပြီး ပျက်စီးနေသည်ကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံတွင် ရေကြီးလျက်ရှိရာ အာရာရီးယားခရိုင် အာဆာဒေသ၌ ရေဘေးဒုက္ခသည်များအား ရွှေ့ပြောင်းပေးနေသည်ကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျက်ဘလူးလေယာဉ်၌ မီးခိုးနံ့ရ၍ ဂျွန်အက်ဖ်ကနေဒီလေဆိပ်သို့ ပြန်လည်ဆင်းသက်ရ

နယူးယောက် ဩဂုတ် ၂၈

အမေရိကန်နိုင်ငံမှ လေယာဉ်ခအဖိုးနှုန်း ချိုသာစွာ ပြေးဆွဲနေသည့် လေကြောင်းလိုင်းမှ ဂျက်ဘလူးလေယာဉ်သည် ပျံတက်ပြီး မိနစ် ၂၀ ခန့်အကြာတွင် လေယာဉ်မှူးအခန်းတွင်းမှ မီးခိုးနံ့ရရှိသဖြင့် လေယာဉ်မှူးကကွင်းသို့ အကြောင်းကြားကာ ဂျွန်အက်ဖ်ကနေဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ဆင်းသက်ခဲ့ရကြောင်း လေကြောင်းလိုင်းမှ ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

ခရီးသည် ၃၀ခန့် တင်ဆောင်

ဂျက်ဘလူး လေကြောင်းလိုင်း ပြောရေးဆိုခွင့်ရ အမျိုးသမီး အလ်စ်ဆွန်အဲရှယ်မင်က ယင်းလေယာဉ်သည် ခရီးသည် ၃၀ ခန့် တင်ဆောင်လာပြီး ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက မက်ဆာချူးဆက်ပြည်နယ် နက်တူကတ်ဒေသသို့ ပျံသန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီတလီနိုင်ငံ ဗင်းနစ်မြို့၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော နာမည်ကျော် ဟောလီဝုဒ် အနုပညာရှင်များဖြစ်ကြသည့် ရုပ်ရှင်ဒါရိုက်တာ အီသန်ကိုလင်း(ယာအစွန်)**၊ ရုပ်ရှင်မင်းသား ဂျော့ကလုန်းနီး**(ယာမှဒုတိယ)**၊ ရုပ်ရှင်မင်းသားဘရက်ပစ်**(ယာမှတတိယ)**နှင့် ရုပ်ရှင်မင်းသမီး တဲလ်ဒါဆွင်တန်တို့အား ဩဂုတ် ၂၇ ရက်က အတူတွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

ဆူဒန်နိုင်ငံ ဒါဖာဒေသရှိ ဒုက္ခသည်စခန်းတွင် တိုက်ခိုက်မှုဖြစ်ပွား အရပ်သားနှင့် ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိ

ခါတွန် ဩဂုတ် ၂၈

ဆူဒန်နိုင်ငံ အနောက်ပိုင်းဒေသ ဒါဖာပြည်နယ်မှ အကြီးဆုံးဒုက္ခသည်စခန်းတွင် ဩဂုတ် ၂၅ ရက်က တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အရပ်သားခုနစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်ငါးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဆူဒန်ရဲတပ်ဖွဲ့က ဒုက္ခသည်စခန်းတွင် သူပုန်များသိုဝှက်ထားသည့် တရားမဝင်လက်နက်များ ရှာဖွေရန်အတွက် နေရာအတည်တကျမရှိသော ဒုက္ခသည်နေထိုင်ရာစခန်းဖြစ်သည့် ကာလမာသို့ ဝင်ရောက်ရန်ကြိုးပမ်းခဲ့ရာမှ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု တောင်ပိုင်းဒါဖာပြည်နယ် လုံခြုံရေးကော်မတီက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ကာလမာဒုက္ခသည်စခန်းသည် ဒါဖာဒေသတွင် အကြီးဆုံးဖြစ်ပြီး နေရာအတည်တကျမရှိသည့် ဒုက္ခသည်ဦးရေ ၅၀၀၀၀ ခန့် ခိုလှုံနေသောစခန်းဖြစ်သည်။ ယင်းဒေသတွင် ပဋိပက္ခဖြစ်ပွားခဲ့မှုကြောင့် အရပ်သားများ ထောင်သောင်းချီ၍ သေဆုံးခဲ့ရပြီး နေရာအတည်တကျမရှိသူ ဒုက္ခသည်တစ်သန်းကျော် ရှိသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံ၌ တောမီးလောင်သောကြောင့် အိမ်ထောင်စု ၅၀ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရ

တိုကျို ဩဂုတ် ၂၈

ဂျပန်နိုင်ငံ မတ်ဆုယာမာမြို့ အီဟိမီးနယ်မှ ဩဂုတ် ၂၅ ရက်က ပေးပို့သော အစီရင်ခံစာတစ်ရပ်တွင် အမ်ဘာရီ စည်ပင်သာယာအုပ်ချုပ်ရေးဒေသ၏ နယ်မြေ၌ အိမ်ထောင်စုပေါင်း ၅၀ အား တောမီးကူးစက်လောင်ကျွမ်းနေသောနေရာမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် အမိန့်ထုတ်ပြန်လိုက်ကြောင်း ပါရှိသည်။

တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် တောင်ထူထပ်သောနေရာ၌ တောမီး အကြီးအကျယ် လောင်ကျွမ်းကြောင်း၊ သစ်တောအကျယ် ၇၅ ဟက်တာ ပျက်စီးသွားကြောင်း၊ တနင်္လာနေ့တွင် ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။ သို့သော် လက်ရှိအခြေအနေတွင် ပစ္စည်းဥစ္စာ ပျက်စီးဆုံးရှုံးမှု မရှိသေးကြောင်းသိရသည်။ မီးသတ်တပ်ဖွဲ့မှ မီးသတ်သမားများသည် ရဟတ်ယာဉ် ၁၀ စင်း အကူအညီဖြင့် မီးလောင်ရာနေရာတစ်လျှောက်တွင် မီးငြိမ်းသတ်ပေးကြကြောင်း ဒေသဆိုင်ရာမီးသတ်တပ်ဖွဲ့က တနင်္ဂနွေနေ့ ညနေပိုင်းတွင် ဖော်ပြသည်။

အင်တာနက်။

မူးယစ်ဆေးဝါးဂိုဏ်းမှ သတ်ဖြတ်မှုကြောင့် မက္ကဆီကို၌ မိသားစုဝင် ငါးဦး သေဆုံး

ကျူးဒတ်ဂျာရတ်ဇ် (မက္ကဆီကို) ဩဂုတ် ၂၈

မူးယစ်ဆေးဝါးဂိုဏ်းမှ လူသတ်သမားများဟု ယူဆရသူများက မက္ကဆီကိုနိုင်ငံမြောက်ပိုင်းရှိ မွေးမြူရေးခြံအတွင်း ဝင်ရောက်ပြီး မိသားစုတစ်စုအား သေနတ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ ယခုလအတွင်း ချီဟာဟာပြည်နယ်၌ တတိယအကြိမ် တိုက်ခိုက်မှုကြီးဖြစ်ပွားရာ လူငါးဦး အသက်ဆုံးရှုံးရသည်။

ထိုပစ်ခတ်မှုသည် ဩဂုတ် ၂၅ ရက် ညနေပိုင်းက ချီဟာဟာပြည်နယ် အယ်ဒါမာမြို့အနီး၌ ဖြစ်ပွားခဲ့သည်။ သေဆုံးသူများတွင် ညီအစ်ကိုနှစ်ဦးနှင့် သက်ကြီးရွယ်အိုအမျိုးသားတစ်ဦးတို့ ပါဝင်ကြောင်း ပြည်နယ်ရှေ့နေချုပ်ရုံးက အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါပစ်ခတ်မှုများသည် မူးယစ်ဆေးဝါးဂိုဏ်းများက အငြိုးထားသတ်ဖြတ်မှုဖြစ်သည်ဟု ယူဆကြသည်။ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီရိုမြို့တောင်ဘက် တီဂျာနာနယ်စပ်မြို့တွင် ဩဂုတ် ၂၆ ရက်ကလည်း ခေါင်းဖြတ်ထားသည့် အလောင်းသုံးလောင်းကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။



ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မြို့ကြီးရေလှောင်တမံစီမံကိန်း ကြည့်ရှုစစ်ဆေး ဆည်ရေဖြင့် သီးနှံပိုမိုစိုက်ပျိုးနိုင်ရုံမက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ထုတ်လုပ်နိုင်မည်

နေပြည်တော် ဩဂုတ် ၂၈

မန္တလေးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၆)လမ်းနှင့် (၇၃)လမ်း မင်္ဂလာတံတားထိပ် မီးပွိုင့်၌ နေရောင်ခြည်စွမ်းအင်သုံး လမ်းဖြတ်စောင့်ကြည့်ကင်မရာ တပ်ဆင်၍ ယာဉ်စည်းကမ်း ထိန်းသိမ်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း(၃၀)တစ်လျှောက် (၆၂)လမ်းမှ မန္တလေးမြို့ပတ် အောင်ပင်လယ်အထိ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီမှ စက်ယန္တရားများဖြင့် အရှည်ပေ ၂၂၅၀၊ အကျယ်ပေ ၄၀ ရှိသည့် ကတ္တရာလမ်းသစ် ဖောက်လုပ်နေမှု၊ နဒီချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုနှင့် နဒီမြောင်းတစ်လျှောက် ကျောက်ရိုးစီ မြေထိန်းနံရံ ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

ဘင်္ဂလားဒေ့ရှ်၌ ဦးခေါင်းနှစ်လုံးပါသော ကလေးမွေး

ဒါကာ ဩဂုတ် ၂၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာမှ ၁၃၅ ကီလိုမီတာဝေးသော ကီရှောဇ်ပါမြို့ ဆေးခန်းတစ်ခု၌ ဩဂုတ် ၂၅ ရက်က ဦးခေါင်းနှစ်လုံးပါသော ယောကျ်ားလေးတစ်ဦးကို မွေးဖွားခဲ့ကြောင်း ကြာသပတေးနေ့တွင် ဖော်ပြသော သတင်းများအရ သိရှိရသည်။ **(အောက်ပုံ)**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❁

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

ကမ္ဘာ့ကုန်သွယ်ရေလမ်းကြောင်းပေါ်မှ ခေတ်သစ်ပင်လယ်ဓားပြများ
နိုင်ငံတကာစီးပွားရေးဆိုင်ရာ အင်တာနက်သတင်းဆောင်းပါး
စာမျက်နှာ-၇

အမေရိကန်က လေကြောင်းမှ ပုံးကြဲ

အာဖဂန်အရပ်သား ၉၀ သေဆုံးခဲ့ရ

ကဘူးလ် ဩဂုတ် ၂၈

အာဖဂန်နစ္စတန် နိုင်ငံအနောက်ပိုင်းတွင် လွန်ခဲ့သော ရက်သတ္တပတ်က အမေရိကန်တပ်ဖွဲ့များက လေကြောင်းမှ တိုက်ခိုက်ခြင်းကြောင့် အရပ်သား ၉၀ သေဆုံးရခြင်းကို စုံစမ်းစစ်ဆေးရာတွင် သက်သေအထောက်အထား ခိုင်မာစွာ တွေ့ရှိရကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ■

အိန္ဒိယ ဘီဟာပြည်နယ်၌ ရေကြီး၊ ၅၅ ဦးသေဆုံး

နယူးဒေလီ ဩဂုတ် ၂၈

အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုး အဆက်မပြတ်ပြင်းထန်စွာ ရွာသွန်းပြီးနောက် ကိုစီမြစ် ရေလျှံကာ ရေကြီး ရေလွှမ်းမိုးမှု ဖြစ်ပွားသည်။ မိုးကြီးရေလျှံမှုကြောင့် ဘီဟာပြည်နယ်၌ လူ ၅၀ ကျော်သေဆုံးပြီး လူဦးရေ ၁ ဒသမ ၁ သန်းခန့် ရေဝိုင်းခံရလျက်ရှိသည်ဟု တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၂ သို့ ●

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်အရှေ့ပိုင်း မဒ္ဒီပူရာဒေသ ကျေးရွာတစ်ရွာ ရေလွှမ်းနေသည်ကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)